# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ကမ်းတစ်ဖက်သို့ ရောက်ကုန်**

လူအပေါင်းတို့သည် ကာမဂုဏ်၊ ဒေါသ၊ မာန၊ ထိနမိဒ္ဓ၊ ဥဒ္ဓစ္စတရားတို့ ကပ်ငြိခြင်းခံရလျှင် သေခြင်းကင်းရာ နိဗ္ဗာန်သို့ မရောက်နိုင်ချေ။ ကောင်းစွာဟောကြားအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို ကူးမြောက်၍ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၈၆)


၁၃၈၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက် ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ ၇ ရက်၊ စနေနေ့ အတွဲ (၆၅)၊ အမှတ်(၁၃၀)


## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏အမျိုးသားအကျိုးစီးပွားကို အလေးထား၍စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## လွတ်လပ်သည့်နိုင်ငံအဖြစ် တည်တံ့ခိုင်မြဲနေစေရန်၊ သူတစ်ပါးလက်အောက်ခံ မဖြစ်စေရန် မိမိတို့အားလုံးစည်းလုံးညီညွတ်ကြရမည်ဖြစ်

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၇၉)နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ

(၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်)

**ချစ်ခင်လေးစားအပ်ပါသော ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသား မိဘပြည်သူ ညီအစ်ကိုမောင်နှမများ အားလုံး မင်္ဂလာပါ။**

ယနေ့ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် ကျရောက်သည့် (၇၉)နှစ်မြောက် ရှမ်းပြည်နယ်နေ့ နေ့ထူးနေ့မြတ်အခါသမယ၌ ရှမ်းပြည်နယ်နှင့် နိုင်ငံတစ်ဝန်းရှိ ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်းနှင့် အေးချမ်းသာယာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

ရှမ်းပြည်နယ်သည် တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးအနက် ဧရိယာအကျယ်ပြန့်ဆုံးဖြစ်ပြီး တိုင်းရင်းသားမျိုးနွယ်စုအများဆုံး မှီတင်းနေထိုင်လျက်ရှိသည့် ပြည်နယ်ကြီးလည်းဖြစ်ပါသည်။ ရှမ်းပြည်နယ်သည် မိမိတို့နိုင်ငံ၏ အရှေ့ဘက်တောင်တန်းဒေသများဖြစ်ပြီး ဧရိယာစတုရန်းမိုင်ပေါင်း ခြောက်သောင်းကျော် ကျယ်ဝန်းကာ တစ်ဖက်နိုင်ငံများနှင့်လည်း ဆက်စပ်နေသဖြင့် နိုင်ငံအတွက် အရေးပါသည့် ပြည်နယ်တစ်ခုဖြစ်ပါသည်။

ရှမ်းပြည်နယ်အတွင်း ရှမ်း၊ ပအိုဝ်း၊ ပလောင်၊ ဓနု၊ အင်းသား၊ တောင်ရိုး၊ "ဝ"၊ ခနော့၊ ကိုးကန့်၊ လားဟူ၊ ယင်းနက်၊ ယင်းကြား၊ မြောင်ဇီး၊ အာခါ စသည့် ရှမ်းမျိုးနွယ်စုများနှင့်အတူ ကချင်၊ ကယား၊ လီဆူးစသည့် တိုင်းရင်းသားများသည်လည်း ကာလကြာရှည်စွာ အတူယှဉ်တွဲစုပေါင်းနေထိုင်လာခဲ့ကြသည်မှာ သမိုင်းအထောက်အထားများက သက်သေခံလျက်ရှိပေသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ❐


## မြန်မာ–ကိုရီးယားချစ်ကြည်ရေး(ဒလ)တံတား ဖွင့်ပွဲအခမ်းအနားကျင်းပ

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်

**နေပြည်တော် ဖေဖော်ဝါရီ ၆**

ရန်ကုန်တိုင်း ဒေသကြီးအတွင်းရှိ မြန်မာ – ကိုရီးယားချစ်ကြည်ရေး(ဒလ)တံတား ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အဖွဲ့ဝင်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊


*စာမျက်နှာ ၄ ကော်လံ ၁* ❖




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာ–ကိုရီးယား ချစ်ကြည်ရေး(ဒလ)တံတားပေါ်၌ ဖြတ်သန်းကြည့်ရှုစဉ်။

❒ *ရှေ့ဖုံးမှ*

ရှမ်းပြည်နယ်သည် သဘာဝရာသီဥတု သင့်တင့်ကောင်းမွန်ပြီး ခရီးသွားတောင်ပေါ်အပန်းဖြေမြို့များ တည်ရှိလျက်ရှိသော သာယာလှပသည့် ပြည်နယ်ကြီးတစ်ခုဖြစ်ပါသည်။ ထို့ပြင် ကျောက်ခေတ်ယဉ်ကျေးမှုများဖြစ်သည့် ပြဒါးလင်းဂူ၊ လွယ်ဝန်းဂူနှင့် ထုံးကျောက်ဂူများ အများအပြားနှင့် သဘာဝအင်းအိုင်များ၊ သမိုင်းရှည်ကြာသော မြို့ပြယဉ်ကျေးမှုထွန်းကားခဲ့သည့် အမွေအနှစ်များနှင့်အတူ တိုင်းရင်းသားမျိုးနွယ်စုများ၏ ယဉ်ကျေးမှုဓလေ့စရိုက်များစုံလင်စွာနှင့် သဘာဝသယံဇာတများ ပေါကြွယ်ဝလျက် အဘက်ဘက်မှ သာယာပြည့်စုံသည့် ပြည်နယ်တစ်ခုလည်း ဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ရှေးနှစ်ပေါင်းများစွာကပင် ကိုယ့်ထီးကိုယ့်နန်း၊ ကိုယ့်ကြငှန်းဖြင့် တိုင်းရင်းသားများ အတူတကွလက်တွဲနေထိုင်ခဲ့ကြပြီး ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်စာပေများ ထွန်းကားခဲ့ကာ ကမ္ဘာ့အလယ်တွင် ဝင့်ထည်စွာဖြင့် ရပ်တည်လာခဲ့သော အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်ခုဖြစ်ပါသည်။ သို့ရာတွင် နယ်ချဲ့အင်္ဂလိပ်တို့သည် မြန်မာနိုင်ငံကို ကျူးကျော်စစ်သုံးကြိမ်ဆင်နွှဲ၍ မတရားတိုက်ခိုက်သိမ်းယူခဲ့ခြင်းကြောင့် ၁၈၈၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် မြန်မာတစ်နိုင်ငံလုံး သူ့ကျွန်ဘဝ ကျရောက်ခဲ့ရပါသည်။

နယ်ချဲ့ဗြိတိသျှတို့၏ မတရားကျူးကျော်တိုက်ခိုက်မှုနှင့် လွတ်လပ်ရေးပြန်လည်ရရှိရန် ကြိုးပမ်းခဲ့ကြရာတွင် ရှမ်းစော်ဘွားများနှင့် ရှမ်းတိုင်းရင်းသားတို့သည် ပြည်ထောင်စုဖွား တိုင်းရင်းသားများနှင့်အတူ ရှုပ်ရှုပ်ချုံချုံပူးပေါင်းတွန်းလှန်ခဲ့ကြပါသည်။ နိုင်ငံ၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် ဥမကွဲသိုက်မပျက်၊ တိုင်းချစ်ပြည်ချစ်စိတ်ဖြင့် လက်တွဲခဲ့ကြသည့် အစဉ်အလာသည် ရှမ်းပြည်နယ်နှင့် ရှမ်းတိုင်းရင်းသားတို့အတွက် လေးစားဂုဏ်ယူဖွယ်ရာဖြစ်ပါသည်။

လွတ်လပ်ရေးကြိုးပမ်းမှုကာလတစ်လျှောက် စစ်မှန်သော လွတ်လပ်ရေး လုံးဝမရရှိမချင်း တိုက်ပွဲပေါင်းစုံဆင်နွှဲနေကြမည်ဟူသော တိုင်းရင်းသားအားလုံး၏ ရင်တွင်းတွင် ကိန်းအောင်းနေသည့် အပြင်းထန်ဆုံးနှင့် အခိုင်မာဆုံးသော သန္နိဋ္ဌာန်ကြီးအတွက် မြန်မာနိုင်ငံလွတ်လပ်ရေးရရှိရန်ကြိုးပမ်းကြရာတွင် ရှမ်းပြည်နယ်မှ တိုင်းရင်းသားခေါင်းဆောင်များသည် တညီတညွတ်တည်း စည်းလုံးညီညွတ်စွာ အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြပါသည်။

မြန်မာပြည်မ၌ “ဖဆပလ” အဖွဲ့ချုပ်ကြီးဦးဆောင်၍ လွတ်လပ်ရေးအတွက် အပြင်းအထန်ကြိုးပမ်းတိုက်ပွဲဝင်ချိန်တွင် ရှမ်းပြည်နယ်၌ ရှမ်းတိုင်းရင်းသား မျိုးချစ်လူကြီးလူငယ်များကလည်း မျိုးချစ်စိတ်ဓာတ်အပြည့်အဝဖြင့် လွတ်လပ်ရေးကြိုးပမ်းမှုတိုက်ပွဲများတွင် ပါဝင်လှုပ်ရှားခဲ့ကြပါသည်။

၁၉၄၂ ခုနှစ် ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားသည့် အချိန်ကာလတွင် ဖက်ဆစ်ဂျပန်တို့က ရှမ်းပြည်နယ်အပါအဝင် မြန်မာနိုင်ငံတစ်ဝန်းလုံးကို သိမ်းပိုက်အုပ်ချုပ်ခဲ့ကြပြန်ပါသည်။ နယ်ချဲ့ဗြိတိသျှကို မောင်းထုတ်နိုင်ခဲ့သော်လည်း နောက်ရောက်လာသည့် ဖက်ဆစ်ဂျပန်တို့သည် တိုင်းပြည်နှင့် လူမျိုးအပေါ် ရက်စက်စွာနှိပ်စက်ခဲ့ကြပါသည်။ ထို့ကြောင့် အမျိုးသားခေါင်းဆောင်ကြီးများနှင့် တိုင်းရင်းသားအားလုံးသည် ဖက်ဆစ်ဂျပန်တို့ကို တညီတညွတ်တည်း ပါဝင်လှုပ်ရှား တိုက်ပွဲဝင်ခဲ့ကြရာ ၁၉၄၅ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့တွင် ဖက်ဆစ်ဂျပန်တို့အား မြန်မာ့မြေပေါ်မှ အပြီးတိုင်မောင်းထုတ်နိုင်ခဲ့ကြပါသည်။

သို့ရာတွင် ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးသွားပြီးနောက် အင်္ဂလိပ်နယ်ချဲ့တို့ တစ်ကျော့ပြန် ဝင်ရောက်လာခဲ့ပြီး တောင်တန်းနှင့် ပြည်မကိုခွဲခြားကာ ရှမ်းပြည်နယ်တစ်ဝန်းလုံးကို ယခင်ရှိခဲ့သော ပဒေသရာဇ်စနစ်ဟောင်းအတိုင်း စော်ဘွား၊ မြို့စား၊ ငွေခွန်မှူး စသည့် အကြီးအကဲများအား ဆက်လက်ထားရှိပြီး သွေးခွဲအုပ်ချုပ်ခဲ့ပါသည်။ ထို့အပြင် ဗြိတိသျှတို့သည် စစ်အတွင်းကရေးဆွဲခဲ့သော စက္ကူဖြူစာတမ်းအတိုင်း မြန်မာပြည်အား မဖြစ်မနေလွတ်လပ်ရေးပေးရလျှင်သော်မှ တောင်တန်းဒေသများကို ချန်လှပ်ပြီး ဆက်လက်သွေးခွဲအုပ်ချုပ်ရန် ကြိုးစားခဲ့ကြပြန်ပါသည်။

ဤသို့ဖြင့် ဗြိတိသျှတို့၏ ဖိနှိပ်ချုပ်ချယ်သွေးစုပ်မှုများနှင့် တောင်တန်း ပြည်မခွဲခြားမှုများကို တိုင်းရင်းသားအားလုံး၏ ညီညွတ်မှုအင်အားဖြင့် တောင်းဆိုတိုက်ပွဲဝင်မှုကြောင့် ဗြိတိသျှတို့သည် ၁၉၄၇ ခုနှစ်တွင် ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား လန်ဒန်သို့ဖိတ်ခေါ်၍ မြန်မာနိုင်ငံ၏ အနာဂတ်အရေးကိုဆွေးနွေးခဲ့ရာ မြန်မာနိုင်ငံကို လွတ်လပ်ရေးပေးသည့်အခါ ရှမ်းပြည်နယ်အပါအဝင် တောင်တန်းဒေသအားလုံးကိုပါ တစ်ပြိုင်တည်းလွတ်လပ်ရေးပေးရန် ဗိုလ်ချုပ်အောင်ဆန်းက တောင်းဆိုခဲ့ပါသည်။ ရှမ်းပဒေသရာဇ်ကောင်စီ၏ အမှုဆောင်ကောင်စီက ဗိုလ်ချုပ်အောင်ဆန်းသည် စော်ဘွားများ၏ ကိုယ်စားလှယ်မဟုတ်ကြောင်း ကန့်ကွက်ခဲ့သဖြင့် ရှမ်းပြည် ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်မှ ခေါင်းဆောင်များက တောင်ကြီးမြို့၌ လူထုအစည်းအဝေးကြီး ကျင်းပကာ ဆုံးဖြတ်ချက်များချမှတ်ပြီး ဗိုလ်ချုပ်အောင်ဆန်းသည်

**“ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးအတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် အသက်တမျှအရေးကြီးသည့်အပြင် နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြီးမားသောမောင်းနှင်အားတစ်ရပ်ဖြစ်သည့် အားလျော်စွာ တိုင်းရင်းသားညီအစ်ကိုများအကြား သံသယများဖယ်ရှားကာ ဆွေးနွေးညှိနှိုင်းခြင်းဖြင့် ယုံကြည်မှုတည်ဆောက်ပြီး ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်သွားကြရမည်”**

တောင်တန်းသားများအတွက် ကိုယ်စားလှယ်ဖြစ်ကြောင်း၊ ဗိုလ်ချုပ်အောင်ဆန်းကို အပြည့်အဝထောက်ခံကြောင်း ကြေးနန်းပေးပို့လိုက်မှသာလျှင် အောင်ဆန်း-အက်တလီစာချုပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ပါသည်။

၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ (၃) ရက်နေ့မှ (၆) ရက်နေ့အထိ ကောင်စီအမှုဆောင်အဖွဲ့ဝင်စော်ဘွားများနှင့် ရှမ်းပြည်လူထုကိုယ်စားလှယ်များပါဝင်သည့် ဆွေးနွေးပွဲကို စတင်ကျင်းပခဲ့ပြီး ဖေဖော်ဝါရီလ (၇) ရက်နေ့တွင် ရှမ်း၊ ကချင်၊ ချင်း ကိုယ်စားလှယ်များက ဆပ်ကော်မတီဖွဲ့စည်းကာ ပြည်မနှင့်အတူ လွတ်လပ်ရေးရယူရန် ဆွေးနွေးဆုံးဖြတ်ချက်များကို သဘောတူလက်မှတ်ရေးထိုးနိုင်ခဲ့ပါသည်။ ထိုကဲ့သို့ ရှမ်းပြည်နယ်အတွင်းရှိ ရှမ်း ၊ ကချင် ၊ ချင်းတိုင်းရင်းသားခေါင်းဆောင်များသည် ပြည်မနှင့်အတူ ပူးပေါင်း၍ လွတ်လပ်ရေးအရယူမည့် သဘောတူဆုံးဖြတ်ချက်များကို ဆုံးဖြတ်ချမှတ်နိုင်ခဲ့သည့် ဖေဖော်ဝါရီလ (၇) ရက်နေ့ကို ဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်နေ့အဖြစ် သတ်မှတ်ကျင်းပပြုလုပ်လာခဲ့သည်မှာ (၇၉) နှစ်တိုင်ခဲ့ပြီ ဖြစ်ပါသည်။

**လေးစားချစ်ခင်ရပါသော တိုင်းရင်းသားပြည်သူများ ခင်ဗျား**

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည် တိုင်းရင်းသားများ၏ ညီညွတ်မှုစွမ်းအားကြောင့် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ (၄) ရက်နေ့တွင် လွတ်လပ်သည့် အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် ခံ့ညားထည်ဝါစွာ ပြန်လည်ရပ်တည်နိုင်ခဲ့ပါသည်။ သို့သော်လည်း နယ်ချဲ့ဗြိတိသျှတို့၏ သွေးခွဲအုပ်ချုပ်ခဲ့မှုကြောင့် ပေါ်ပေါက်ခဲ့ရသည့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခအမွေဆိုးများသည် ယနေ့တိုင် ချုပ်ငြိမ်းမှုမရှိဘဲ လူမျိုးစွဲ၊ ဝါဒစွဲများဖြင့် ကျဉ်းမြောင်းသည့် နိုင်ငံရေးအမြင်၊ လူမျိုးရေးအမြင်၊ ကိုယ်ကျိုးအတ္တလွန်ကဲမှုများနှင့်အတူ ဖြစ်ပေါ်လျက်ရှိခြင်းကြောင့် နိုင်ငံနှင့် ပြည်သူများ ဆင်းရဲဒုက္ခများ ကြုံတွေ့နေရဆဲဖြစ်ပါသည်။

သို့ဖြစ်ရာ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းရေးအတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် အသက်တမျှအရေးကြီးသည့်အပြင် နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြီးမားသောမောင်းနှင်အားတစ်ရပ်ဖြစ်သည့် အားလျော်စွာ တိုင်းရင်းသားညီအစ်ကိုများအကြား သံသယများဖယ်ရှားကာ ဆွေးနွေးညှိနှိုင်းခြင်းဖြင့် ယုံကြည်မှုတည်ဆောက်ပြီး ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။

နိုင်ငံတော်အနေဖြင့် ပြည်ထောင်စုကြီးတစ်ခုလုံး အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အချိန်တိုကာလအတွင်း အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်ရသကဲ့သို့ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ၊ ဆူပူအကြမ်းဖက်မှုများနှင့် သဘာဝဘေးဖြစ်ပွားမှုတို့ကြောင့် ကြုံတွေ့လာရသည့် ထိခိုက်ပျက်စီးမှုများကိုလည်း ငွေကြေးဘီလီယံပေါင်းများစွာကျခံပြီး ပြန်လည်တည်ဆောက်ပေးလျက်ရှိပါသည်။ ဤကဲ့သို့ဆောင်ရွက်ရာတွင် ရှမ်းပြည်နယ်အတွင်း ၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်နေ့က ဖြစ်ပွားခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အစိုးရရုံးဌာနအဆောက်အအုံများ၊ ဝန်ထမ်းအိမ်ရာများ၊ ဘာသာရေးအဆောက်အအုံများနှင့် စေတီပုထိုးများ၊ ဆေးရုံများ၊ ကျောင်းများနှင့် ဒေသခံပြည်သူများ၏ နေအိမ်များ ပြန်လည်တည်ဆောက်နိုင်ရေးအတွက် ငွေကျပ် ၁၄၇ ဘီလီယံကျော် ခွဲဝေချထားကာ သက်ဆိုင်ရာဌာနများမှ ကျွမ်းကျင်ပညာရှင်များ ဦးဆောင်စေလျက် ဆောင်ရွက်ပေးလျက်ရှိပါသည်။

မိမိတို့နိုင်ငံသည် ပြည်ထောင်စုစနစ်ဖြင့် တည်ဆောက်ထားသည့် နိုင်ငံဖြစ်သည့်အတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် အဓိကကျပါသည်။ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်စေရန်အတွက် အရေးကြီးဆုံးနှင့် အလိုအပ်ဆုံးမှာ ပြည်ထောင်စု၏ မည်သည့်နေရာတွင် နေထိုင်သည်ဖြစ်စေ ပြည်ထောင်စုဖွား တိုင်းရင်းသားဖြစ်သည်ဟူသည့် ပြည်ထောင်စုစိတ်ဓာတ် မွေးမြူကြရေးပင် ဖြစ်ပါသည်။

တိုင်းပြည်တစ်ခုဖြစ်စေ၊ လူမျိုးတစ်မျိုးဖြစ်စေ ကောင်းစွာရှင်သန်ရပ်တည်နေနိုင်ရန်အတွက် မိမိကိုယ်ကို ခုခံကာကွယ်နိုင်စွမ်းနှင့် မိမိတို့၏ လုပ်ကိုင်ဆောင်ရွက်နိုင်မှုများကို မြှင့်တင်နေကြရမည်ဖြစ်ပါသည်။ နိုင်ငံနှင့် လူမျိုးတို့ ထာဝရတည်တံ့ခိုင်မြဲရေးကို ကိုယ်စွမ်းကိုယ်စနှင့် စည်းလုံးညီညွတ်သော စွမ်းအားတို့ဖြင့် ထိန်းသိမ်းမှုမပြုနိုင်လျှင် နိုင်ငံ၏အချုပ်အခြာအာဏာအားနည်းပြီး သူတစ်ပါးလက်အောက်ခံဘဝသို့ ကျရောက်နိုင်သည်ကိုလည်း သတိပြုစေလိုပါသည်။ လွတ်လပ်သည့်နိုင်ငံအဖြစ် တည်တံ့ခိုင်မြဲနေစေရန်၊ သူတစ်ပါးလက်အောက်ခံမဖြစ်စေရန် မိမိတို့အားလုံး စည်းလုံးညီညွတ်ကြရမည်ဖြစ်ပါသည်။ နိုင်ငံတော်အပေါ် ဘေးအန္တရာယ်ကျရောက်လာလျှင်လည်း နိုင်ငံတော်ကာကွယ်ရေးအတွက် အဓိကတာဝန်ရှိသည့် တပ်မတော်နှင့်ပြည်သူတို့ ခိုင်မြဲစွာ လက်တွဲပြီး တိုင်းပြည်ချစ်စိတ်၊ ရဲစွမ်းသတ္တိနှင့် စုပေါင်းစွမ်းအားဖြင့် နိုင်ငံတော်အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် စည်းလုံးညီညွတ်စွာဖြင့် တွန်းလှန်ကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်ပါသည်။ တိုင်းရင်းသားညီအစ်ကိုများအကြား လွတ်လပ်ရေးကြိုးပမ်းစဉ်ကာလကကဲ့သို့ စည်းလုံးညီညွတ်မှု မျိုး၊ နားလည်ယုံကြည်မှုပုံစံမျိုးတို့ကို ပြန်လည်ရရှိအောင် တည်ဆောက်ပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အမြန်ဆုံးပြသနိုင်ရန် ဝိုင်းဝန်းကြိုးစားသွားကြရမည် ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် အာဏာရပါတီ၏ မဲမသမာမှုများဖြင့် နိုင်ငံတော်အာဏာကို မတရားရယူခြင်းမှ ကာကွယ်နိုင်ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်အာဏာကို မလွှဲမရှောင်သာ ထိန်းသိမ်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။ ယခုအခါ ပြည်သူများလိုလားသည့် ဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းနိုင်ရန်အတွက် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲတစ်ရပ်ကိုလည်း ကျင်းပပေးခဲ့ပြီး ဖြစ်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပေါ်ပေါက်လာသည့် အစိုးရထံသို့ နိုင်ငံတော်အာဏာကို စနစ်တကျလွှဲပြောင်းပေးအပ်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

မိမိတို့တာဝန်ယူခဲ့သည့် ၂၀၂၁ ခုနှစ်နောက်ပိုင်း ပြည်တွင်း ပြည်ပ ပယောဂများနှင့် သွေးထိုးမြှောက်ပင့်မှုများကြောင့် နိုင်ငံနှင့် တစ်ဝန်း ဆူပူအကြမ်းဖက်မှုများ ဖြစ်ပေါ်ခဲ့ပါသည်။ ၎င်းမတည်ငြိမ်မှုများကို အခွင့်ကောင်းယူ၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း အချို့ကလည်း အကြမ်းဖက်အဖွဲ့များအား စည်းရုံးသိမ်းသွင်း၍ နိုင်ငံတည်ငြိမ်မှုပျက်ပြားအောင် လုပ်ဆောင်လာခဲ့ကြပါသည်။ မိမိတို့တပ်မတော်နှင့် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးအတွက် အသက်သွေးချွေးမြောက်မြားစွာ ပေးဆပ်ရင်းနှီး၍ ကာကွယ်စောင့်ရှောက်ခဲ့ရပြီး သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ဆွေးနွေးညှိနှိုင်းမှုများဖြင့် တည်ငြိမ်အေးချမ်းသည့် မူလအခြေအနေရောက်အောင် ပြန်လည်ကြိုးစားလျက်ရှိပါသည်။ သို့ဖြစ်ရာ ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် အကြမ်းဖက်အဖွဲ့များအနေဖြင့် နိုင်ငံ၏ ပကတိလိုအပ်ချက်ကို သိရှိနားလည်ပြီး လက်နက်ကိုင်လမ်းစဉ်နှင့် ဆူပူအကြမ်းဖက်မှုများကိုစွန့်လွှတ်ကာ ငြိမ်းချမ်းရေးအတွက် ဆွေးနွေးပွဲစကားဝိုင်းသို့ လာရောက်ကြရန်နှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ပူးပေါင်းဆောင်ရွက်ပေးကြရန်ကိုလည်း ဖိတ်ခေါ်အပ်ပါသည်။ ထို့ပြင် ပြည်နယ်အတွင်း ဖြစ်ပွားနေသော မူးယစ်ဆေးဝါးထုတ်လုပ်ဖြန့်ဖြူးမှုများ၊ အွန်လိုင်းလောင်းကစားလိမ်လည်မှုများနှင့် တရားမဝင်ကုန်သွယ်မှု စသည့် နိုင်ငံနှင့် ပြည်သူ၏ ဂုဏ်သိက္ခာကို ကျဆင်းစေပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို ပျက်စီးစေသည့် လုပ်ဆောင်နေမှုများ ပပျောက်စေရေးကိုလည်း အားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းအပ်ပါသည်။

သို့ဖြစ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအနေဖြင့် တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ သာတူညီမျှ အခွင့်အရေးရရှိခြင်းဟူသည့် အနှစ်သာရများဖြင့် ပြည့်ဝသောဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးအတွက် မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ကို အရင်းခံကာ နိုင်ငံနှင့် လူမျိုးကောင်းကျိုးအတွက် နိုင်ငံတော်အစိုးရနှင့်အတူ ပူးပေါင်းလက်တွဲဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုပါသည်။

နိဂုံးချုပ်အနေဖြင့် အေးချမ်းသာယာသော ပြည်ထောင်စုကြီး ဖြစ်ပေါ်လာရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့ကို အုတ်မြစ်ချပေးနိုင်ခဲ့သည့် **“ရှမ်းပြည်နယ်နေ့”** အခါသမယတွင် ရှမ်းပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားမိဘပြည်သူညီအစ်ကို မောင်နှမများအားလုံးအနေဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကိုတည်ဆောက်ရာတွင် နိုင်ငံတော်၊ တပ်မတော်၊ တိုင်းရင်းသားပြည်သူအားလုံးတို့နှင့်အတူ လက်တွဲ ပူးပေါင်းဆောင်ရွက်ကြပါရန် တိုက်တွန်းလျက် ဤသဝဏ်လွှာ ပေးပို့အပ်ပါသည်။

**ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ**
**သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်**
**ယာယီသမ္မတ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဥက္ကဋ္ဌ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာ–ကိုရီးယား ချစ်ကြည်ရေး(ဒလ)တံတားဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

❖ ရှေ့ဖုံးမှ

ဆောက်လုပ်ရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ တံတားတည်ဆောက်ရာတွင် ပါဝင်ခဲ့သည့် ကုမ္ပဏီများနှင့် ကိုးရီယားနိုင်ငံ၊ တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့မှ အင်ဂျင်နီယာများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ကြိုဆိုနှုတ်ဆက်**

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အခမ်းအနားပြုလုပ်မည့်နေရာသို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် မြန်မာ–ကိုရီးယား ချစ်ကြည်ရေး (ဒလ)တံတားဖွင့်ပွဲ အခမ်းအနားကို စတင်ကျင်းပပြုလုပ်ရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က မြန်မာ–ကိုရီးယား ချစ်ကြည်ရေး (ဒလ) တံတားတည်ဆောက်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက်မြန်မာ–ကိုရီးယား ချစ်ကြည်ရေး(ဒလ) တံတားတည်ဆောက်ခြင်း Documentary Movie ကို ဖွင့်လှစ်တင်ပြသည်။ ဆက်လက်၍ တံတား တည်ဆောက်ခြင်းဆိုင်ရာ စာရွက်စာတမ်းများကို ကိုရီးယားနိုင်ငံ၊ တံတားတည်ဆောက်ရေးတာဝန်ခံ အဖွဲ့ Soosung ကုမ္ပဏီမှ ကိုယ်စားလှယ်တစ်ဦးက ဆောက်လုပ်ရေး ဝန်ကြီးဌာန တံတားဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကောင်းချိုထံသို့ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌထံသို့ မြန်မာ–ကိုရီးယား ချစ်ကြည်ရေး(ဒလ) တံတား ဖွင့်လှစ်ခြင်း အထိမ်းအမှတ် အမှတ်တရ လက်ဆောင်ကို ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဂါရဝပြုပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက မြန်မာ – ကိုရီးယား ချစ်ကြည်ရေး(ဒလ) တံတား ဖွင့်လှစ်ခြင်း အထိမ်းအမှတ်အဖြစ် အမှာစကား ပြောကြားရာတွင် ယနေ့သည် မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်သည့် ရန်ကုန်မြို့နှင့် မြစ်တစ်ဖက်ကမ်းတွင်ရှိသည့်ဒလမြို့ကို ဆက်သွယ်ထားသည့် မြန်မာ–ကိုရီးယား ချစ်ကြည်ရေး(ဒလ)တံတားကို အောင်မြင်စွာ တည်ဆောက်ဖွင့်လှစ်နိုင်သည့်နေ့ဖြစ်သဖြင့် မင်္ဂလာအပေါင်းနှင့်ပြည့်စုံသည့် နေ့ဖြစ်ကြောင်း၊ ယခုတံတားကြီးကို တည်ဆောက် ဖွင့်လှစ်ပေးနိုင်ခဲ့ခြင်းအားဖြင့် မြန်မာနိုင်ငံ၏စီးပွားရေးမြို့တော်ဖြစ်ပြီး နှစ်ပေါင်းရာချီ မြို့သက်တမ်းရှိခဲ့သည့် ရန်ကုန်မြို့၏ မြို့လယ်ဧရိယာကို မြစ်တစ်ဖက်ကမ်း ဒလမြို့နယ်နှင့်ပါ ပေါင်းစပ်ပေးနိုင်ခဲ့ပြီ ဖြစ်သဖြင့် မှတ်တမ်းတင်ရမည့် နေ့တစ်နေ့ဖြစ်သည်ကို ပဏာမအနေဖြင့် ပြောကြားလိုကြောင်း။

ယခု တည်ဆောက်ပြီးစီးခဲ့သည့် မြန်မာ–ကိုရီးယား ချစ်ကြည်ရေး(ဒလ) တံတားသည် အရှည် ၆၁၂၇ ပေရှိပြီး လေးလမ်းသွားတံတားသစ်ကြီး ဖြစ်ကြောင်း၊ အခြားတံတား ဒီဇိုင်းများနှင့်မတူဘဲ ရန်ကုန်မြို့၏အထင်ကရအမှတ်အသား(Landmark)ဖြစ်အောင် ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် တည်ဆောက်ပြီးခဲ့သည့် တံတားများထဲတွင် ပင်လယ်ကူးသင်္ဘောများ ဝင်ထွက်သွားလာနိုင်သည့် ရေလမ်းကင်းလွတ် အမြင့်ဆုံး သံမဏိကြိုးဆိုင်းတံတား (Cable Stayed Bridge) အဖြစ် ခိုင်ခံ့လှပ ထည်ဝါစွာ တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့သဖြင့် ဒေသခံများနှင့် ထပ်တူထပ်မျှ ဝမ်းသာကြည်နူးရသည်ကိုလည်း ပြောကြားလိုကြောင်း။

ယခုတံတားကြီးကို တည်ဆောက်နိုင်ရန် ၂၀၁၂ ခုနှစ်တွင် မြန်မာ – ကိုရီးယား နှစ်နိုင်ငံ ဆွေးနွေးညှိနှိုင်းမှုများ စတင်ဆောင်ရွက်ခဲ့ကြောင်း၊ ကိုရီးယားသမ္မတနိုင်ငံ (Economic Development Cooperation Fund–EDCF) ချေးငွေမှ အမေရိကန်ဒေါ်လာ ၁၅၇ ဒသမ ၈၃၃ သန်းနှင့် နိုင်ငံတော်အစိုးရမှထည့်ဝင်ငွေ အမေရိကန်ဒေါ်လာ ၃၀ ဒသမ ၃၄၁ သန်း စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၈၈ ဒသမ ၁၇၄ သန်းဖြင့် ၂၀၁၉ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး တံတားကြီး အပြီးသတ်ဆောင်ရွက်နိုင်ရန် မြန်မာကျပ်ငွေ ၂၃ ဒသမ ၀၆၂ ဘီလီယံကျပ်ကိုလည်း နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေမှ ထပ်မံဖြည့်စွက်ပြီး ပံ့ပိုးဆောင်ရွက်ပေးခဲ့သဖြင့် ယခုကဲ့သို့ အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့ခြင်းလည်းဖြစ်ကြောင်း။

**ဆက်သွယ်သွားလာနိုင်**

ယခုအခါတွင် နိုင်ငံတော်အနေဖြင့် ရန်ကုန်တိုင်းဒေသကြီး အပါအဝင် တိုင်းဒေသကြီး/ပြည်နယ် အသီးသီးတွင်ရှိသည့် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် အခြေခံအဆောက်အအုံဖြစ်သည့် ပို့ဆောင်ဆက်သွယ်ရေး ကဏ္ဍာတွင်ပါဝင်သည့် လေကြောင်း၊ ရေကြောင်းနှင့် ကုန်းကြောင်းမှ လမ်း၊ တံတားများ ကောင်းမွန်ရေးနှင့် လျှပ်စစ်မီးရရှိရေးကို ဦးစားပေး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ပြီး လုံခြုံချောမွေ့မှသာ တိုင်းရင်းသားပြည်သူများ အပြန်အလှန် ကူးလူးဆက်သွယ်သွားလာနိုင်ပြီး ချစ်ကြည်ရင်းနှီးမှုများ ပိုမိုရရှိစေမည်ဖြစ်ကြောင်း။

ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရန် အဓိကကျသည့် လိုအပ်ချက်များထဲမှ လမ်းပန်းဆက်သွယ်ရေး လွယ်ကူလျင်မြန်ခြင်းသည် အလွန်အရေးကြီးသည့် အခန်းကဏ္ဍာတွင် ပါဝင်လျက်ရှိကြောင်း၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာရေးအတွက် ဦးစားပေးဆောင်ရွက်နိုင်စေရန် ပထဝီနှင့် သဘာဝ အတားအဆီးဖြစ်သည့် မြစ်/ ချောင်းနေရာများတွင် တံတားများ တည်ဆောက်ပေးခြင်း၊ လမ်းများကို ရာသီမရွေး သွားလာနိုင်အောင် ဖောက်လုပ်ခြင်း၊ အဆင့်မြှင့်တင်ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပြီး မြို့ပြဒေသများသာမက ဝေးလံခေါင်းပါးသည့် ဒေသများပါမကျန် အချိုးညီညီ ဖွံ့ဖြိုးတိုးတက်စေရေး အတွက် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ယခုကဲ့သို့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ ပြည်သူ့ဘဏ္ဍာငွေများသုံးစွဲရာတွင် လေလွင့်မှုမရှိစေရေး၊ ရေရှည်တည်တံ့ခိုင်မြဲရန်အတွက် အရည်အသွေးကောင်းမွန်ရေး၊ ဒေသအတွက် အကျိုးဖြစ်ထွန်းမှု ရှိ/မရှိ ထောက်ပြဝေဖန်ပေးနိုင်ကြရန်နှင့် တည့်မတ်ပေးရန် တာဝန်ရှိသူများအနေဖြင့် ပူးပေါင်း ဆောင်ရွက်ပေးကြရပါရန်လိုကြောင်း၊ ပြည်သူ့ဘဏ္ဍာငွေများကို အသုံးပြုဆောင်ရွက်သည့် စီမံကိန်းများသည် ဒေသအကျိုးဖြစ်ထွန်းစေမည့် စီမံကိန်းများဖြစ်ရန်လည်း လိုအပ်ကြောင်း။

**ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်**

ရန်ကုန်တိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကမြို့တော်ကြီးတစ်မြို့ဖြစ်ပြီး ဒေသတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ လူဦးရေတိုးပွားလာမှုတို့ကြောင့် တစ်နေ့တာသွားလာသည့် ယာဉ်စီးရေသည်လည်း သိသိသာသာ တိုးမြင့်လာခဲ့ကြောင်း၊ ထို့ကြောင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့တော်အင်္ဂါရပ်နှင့်ကိုက်ညီအောင် ယာဉ်ကြောသွားလာမှု စနစ်တကျဖြစ်စေရေး အခြေခံအဆောက်အအုံ (Infrastructure) များဖြစ်သည့် မြို့တွင်း လမ်းများတိုးချဲ့ခြင်း၊ ခုံးကျော်တံတားများ တည်ဆောက်ခြင်းနှင့် လိုအပ်သည့်နေရာများတွင် ယခုကဲ့သို့ လေးလမ်းသွား မြစ်ကူးတံတားကြီးများ တည်ဆောက်ပေးခြင်းတို့ကြောင့် ယာဉ်ကြောပိတ်ဆို့မှု လျှော့ချနိုင်ပြီး ခရီးသည်နှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်လာသည့်အတွက် ပြည်သူလူထု၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးကဏ္ဍာများမှာ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ကြောင်း။

မြန်မာ–ကိုရီးယားချစ်ကြည်ရေး(ဒလ)တံတားကြီး တည်ဆောက်ပြီးစီးသွားပြီ ဖြစ်သည့်အတွက် ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့မှ ဒလ၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်းမြို့များကို လွယ်ကူလျင်မြန်စွာ သွားလာနိုင်မည်ဖြစ်သကဲ့သို့ ထိုမှတစ်ဆင့် ဧရာဝတီတိုင်းဒေသကြီးရှိ မြို့များသို့လည်း လွယ်ကူလျင်မြန်စွာ သွားလာနိုင်မည်ဖြစ်ကြောင်း၊ ဒလမြို့သည် ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့ကို

*စာမျက်နှာ ၅ သို့*

❊ ယခုတံတားကြီးကို တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့ခြင်းအားဖြင့် မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်ပြီး နှစ်ပေါင်းရာချီ မြို့သက်တမ်းရှိခဲ့သည့် ရန်ကုန်မြို့၏ မြို့လယ်ဧရိယာကို မြစ်တစ်ဖက်ကမ်း ဒလမြို့နယ်နှင့်ပါ ပေါင်းစပ်ပေးနိုင်ခဲ့ပြီဖြစ်သဖြင့် မှတ်တမ်းတင်ရမည့် နေ့တစ်နေ့ဖြစ်



ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး၊ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်နှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းတို့က မြန်မာ – ကိုရီးယား ချစ်ကြည်ရေး (ဒလ)တံတားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။





**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာ – ကိုရီးယား ချစ်ကြည်ရေး(ဒလ) တံတား ကမ္ဗည်းမော်ကွန်းကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။**

***စာမျက်နှာ ၄ မှ***

ဆက်သွယ်ထားသည့် ဝင်ပေါက်မြို့တစ်မြို့ဖြစ်လာပြီး ဒေသအတွင်းက ထုတ်ကုန်များကို ကုန်းလမ်းမှ အချိန်တိုအတွင်း သယ်ယူ ပို့ဆောင်နိုင်မည်ဖြစ်ကြောင်း၊ ထို့အပြင် ဒေးဒရဲတံတားမှတစ်ဆင့် ဒေးဒရဲ၊ ဖျာပုံ၊ ဘိုကလေးမြို့နှင့် ကမ်းခြေဒေသများအပါအဝင် ဧရာဝတီတိုင်းဒေသကြီးရှိမြို့များကိုလည်း လွယ်ကူလျင်မြန်စွာ ဆက်သွယ်သွားလာနိုင်မည်ဖြစ်ကြောင်း၊ ရန်ကုန်မြို့ လယ်ဇရိယာနှင့် ကုန်းလမ်းဆက်သွယ်ရေး တိုက်ရိုက်ချိတ်ဆက်ဆောင်ရွက်နိုင်ပြီဖြစ်သဖြင့် ဒလမြို့အပါအဝင် တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်းမြို့များလည်း မြို့ပြအသွင်ဆောင်ပြီး တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရ အနေဖြင့် နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားများ ပေါ်ထွန်းလာစေရန် မျှော်မှန်းချက်၊ ရည်မှန်းချက်များထားရှိပြီး မပြတ်သောသတိ၊ မလျော့သောဇွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံ၏အနာဂတ်ငြိမ်းချမ်းသာယာစေရန် နိုင်ငံသူနိုင်ငံသားများ၏ဘဝ ချမ်းမြေ့ပျော်ရွှင်စေရန် နိုင်ငံတော်အစိုးရအနေဖြင့် ကောင်းမွန်သည့် ရည်မှန်းချက် ဦးတည်ချက်များကို ကြိုးပမ်း ပုံဖော်လျက်ရှိကြောင်း၊ မိဘပြည်သူ တိုင်းရင်းသားညီအစ်ကိုများကလည်း နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီဖက်ဒရယ် ဖွံ့ဖြိုးတိုးတက်စေရေး စသည့် လုပ်ငန်းစဉ်များအပေါ် ပိုမိုပူးပေါင်း ဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

မြန်မာ – ကိုရီးယား ချစ်ကြည်ရေး (ဒလ) တံတားကြီးအား ပြည်သူများအနေဖြင့် အသုံးပြုရာတွင် ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် သတ်မှတ်ထားသည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို လိုက်နာဆောင်ရွက်ကြရန်နှင့် တံတားကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဝိုင်းဝန်းစောင့်ရှောက်ပေးကြရန် မှာကြားလိုကြောင်း၊ တံတားကြီးကို အောင်မြင်စွာ ဖွင့်လှစ်နိုင်အောင် ကြိုးပမ်းဆောင်ရွက်ပေးခဲ့သည့် ကိုရီးယား သမ္မတနိုင်ငံအစိုးရနှင့် တံတားတည်ဆောက်ခြင်းဆိုင်ရာ တာဝန်ရှိသူများ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ကာယဉာဏဝန်ထမ်းများ၊ ပံ့ပိုးကူညီပေးခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် စစ်ဘက်နယ်ဘက်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဒေသခံပြည်သူများကို နိုင်ငံတော်အစိုးရက ကျေးဇူးအထူးတင်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌသည် တံတားတည်ဆောက်ရေးတွင် ပါဝင်ခဲ့ကြသည့် တည်ဆောက်ရေး အင်ဂျင်နီယာအဖွဲ့များအား အထိမ်းအမှတ်ဂုဏ်ပြုလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

### ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မြန်မာ– ကိုရီးယား ချစ်ကြည်ရေး (ဒလ)တံတား ဖဲကြိုးဖြတ်ဖွင့်လှစ်မည့်နေရာသို့ ရောက်ရှိကြပြီး ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်နှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက မြန်မာ – ကိုရီးယား ချစ်ကြည်ရေး(ဒလ) တံတား ကမ္ဗည်းမော်ကွန်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။ ဆက်လက်ပြီး ကော်မရှင်အဖွဲ့ဝင်နိုင်ငံတော်ဝန်ကြီးချုပ်၊ ကော်မရှင်အတွင်းရေးမှူး၊ ကော်မရှင်အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ကမ္ဗည်းမော်ကွန်းကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။



**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အခမ်းအနားသို့ တက်ရောက်လာကြသည့် တိုင်းရင်းသား လူငယ်မောင်မယ်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။**

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ကမ္ဗည်းမော်ကွန်းကြေးပြားထားရှိသည့် Pylon–2 သို့ရောက်ရှိကြပြီး ကမ္ဗည်းမော်ကွန်းကြေးပြားကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အခမ်းအနားတက်ရောက် လာကြသူများသည် မြန်မာ–ကိုရီးယား ချစ်ကြည်ရေး (ဒလ)တံတား ဖွင့်လှစ်ခြင်း အထိမ်းအမှတ်အဖြစ် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတနိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မြန်မာ–ကိုရီးယား ချစ်ကြည်ရေး (ဒလ)တံတားပေါ်၌ ဖြတ်သန်းကြည့်ရှု၍ အခမ်းအနားသို့ တက်ရောက်လာကြသည့်တိုင်းရင်းသား လူငယ်မောင်မယ်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ထို့နောက် မြန်မာ–ကိုရီးယား ချစ်ကြည်ရေး(ဒလ) တံတား ပတ်ဝန်းကျင်ကမ်းနား တစ်လျှောက် သာယာလှပရေးအဆိုပြုပုံစံအား ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းတင်ပြရာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတနိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ဒလမြို့အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုခဲ့ကြသည်။

အဆိုပါ မြန်မာ–ကိုရီးယား ချစ်ကြည်ရေး (ဒလ)တံတားကို ၂၀၁၂ ခုနှစ် အောက်တိုဘာလအတွင်း နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ကိုရီးယားသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ်သွားရောက်ချိန်အတွင်း နှစ်နိုင်ငံချစ်ကြည်ရေးတံတား စီမံကိန်းတစ်ခုကို ဆောင်ရွက်ရန် နှစ်နိုင်ငံခေါင်းဆောင်နှစ်ဦးဆွေးနွေးခဲ့ကြကြောင်း၊ ၂၀၁၃ ခုနှစ်၊ ဇွန်လ ၁၉ ရက်နေ့တွင် နှစ်နိုင်ငံတာဝန်ရှိသူများတွေ့ဆုံပြီး ကိုရီးယားသမ္မတနိုင်ငံ၏ Economic Development Cooperation Fund (EDCF) ချေးငွေဖြင့် ရန်ကုန်မြစ်ပေါ်တွင် မြစ်ကူးတံတားကြီး တစ်စင်းတည်ဆောက် နိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေး အတည်ပြုခဲ့ကြကြောင်း၊ တံတားစီမံကိန်းဖြစ်မြောက်နိုင်စွမ်း လေ့လာမှုကို ကိုရီးယားသမ္မတနိုင်ငံ၏ အကူအညီဖြင့် ၂၀၁၃ ခုနှစ် ဧပြီလအတွင်း စတင်ဆောင်ရွက်ခဲ့ကြောင်း၊ တံတားပုံစံထုတ်လုပ်ရာတွင် အသုံးပြုသည့် စံချိန်စံညွှန်းများသည်မြန်မာနိုင်ငံ၏ လမ်းများနှင့် ယာဉ်သွားလာမှု အခြေအနေများ၊ ဘူမိဗေဒနှင့် မြေခံနိုင်ရည်စွမ်းအား၊ လူမှုရေး၊ စီးပွားရေး၊ စသည်များနှင့် သဟဇာတဖြစ်စေရန် ပေါင်းစပ်ရွေးချယ်ထုတ်လုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ တံတားစီမံကိန်းလုပ်ငန်းများကို ၂၀၁၉ ခုနှစ်၊ မေလ ၂၇ ရက်နေ့တွင် စတင်ဆောင်ရွက်ခဲ့ပြီး ပင်မတံတား၏ လျှောစောက်(Gradient) ၅ ဒသမ ၉၅ ရာခိုင်နှုန်းရှိပြီး အရှည်မှာ ၆၁၂၇ ပေ၊ တံတားအကျယ် စုစုပေါင်း ၇၉ ပေရှိပြီး ၁၁ ပေ ၆ လက်မ အကျယ် ယာဉ်သွားလမ်း ၄ လမ်းနှင့် ၆ ပေ၊ ၆ လက်မအကျယ် လူသွားလမ်း နှစ်ဖက်ပါရှိပြီး တံတားခွင့်ပြုတန်ချိန်မှာ ယာဉ်တစ်စီးချင်းအလိုက် ၇၅ တန်ဖြစ်ကြောင်း၊ တံတားဘေးတစ်ဖက်စီတွင် ရန်ကုန်မြို့မှ ဒလမြို့သို့ သောက်သုံးရေပေးဝေနိုင်ရေး ၁ ပေ၊ ၆ လက်မ အချင်းရှိ ရေပိုက်များကိုလည်း တပ်ဆင်ဆောင်ရွက်ထားကြောင်း။

တံတား တည်ဆောက်ရေးကာလအတွင်း ကိုဗစ်–၁၉ ရောဂါဖြစ်ပွားခဲ့ခြင်းနှင့် နှောင့်နှေးတွေ့ကြုံခဲ့ရသည့် အခက်အခဲများကို နိုင်ငံတော်အစိုးရအနေဖြင့် တံတားတည်ဆောက်ရေး လုပ်ငန်းများ ပြီးစီးနိုင်ရန်အတွက် နိုင်ငံတော် ဘဏ္ဍာငွေများကို ဖြည့်တင်းပေးနိုင်ခဲ့ခြင်းကြောင့် လုပ်ငန်းပြီးစီးခဲ့ခြင်းဖြစ်ကြောင်း၊ ယခုမြန်မာ–ကိုရီးယား ချစ်ကြည်ရေး (ဒလ) တံတား တည်ဆောက်ပြီးစီးသွားပြီဖြစ်သည့်အတွက် ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့မှနေ၍ ဒလ၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်းမြို့များနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့များကို လွယ်ကူလျင်မြန်စွာသွားလာနိုင်မည်ဖြစ်ကြောင်း၊ ဒလမြို့သည်လည်း ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးကို ဆက်သွယ်ထားသည့် ဝင်ပေါက်မြို့တစ်မြို့ ဖြစ်လာပြီး ဘက်စုံ၊ ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ဒလမြို့ ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူတစ်ဆက်တစ်စပ်တည်း တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်းမြို့များသည်လည်း မြို့ပြအသွင်ဆောင်ပြီး တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ယခု တံတားကြီးကို တည်ဆောက် ဖွင့်လှစ်ခြင်းအားဖြင့် ဒေသတွင်းရှိ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် သယ်ယူပို့ဆောင်ရေး စသည့် ကဏ္ဍပေါင်းစုံကို ဖွံ့ဖြိုးတိုးတက်လာစေပြီး ရန်ကုန်မြို့တော်၏ အထင်ကရပြယုဂ် (Landmark) တံတားတစ်စင်းအဖြစ် မြင်တွေ့ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဝန်ကြီးဌာနအသီးသီးရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ပါမောက္ခများနှင့် ဆရာ၊ ဆရာမများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

# နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဝန်ကြီးဌာနအသီးသီးရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများနှင့် ဒုတိယပါမောက္ခချုပ်များအား တွေ့ဆုံအမှာစကားပြောကြား

## နိုင်ငံသူ နိုင်ငံသားများ၏ စိတ်နေစိတ်ထားမြင့်မားလာအောင် ပညာရေးကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရန်လိုပြီး လူမှုအသိုင်းအဝိုင်းအတွင်း အကျင့်ကောင်းများရရှိမှသာ နိုင်ငံ့အကျိုးဆောင်ရွက်နိုင်သည့် ပညာတတ်လူသားအရင်းအမြစ်ကောင်းများ ပေါ်များကြွယ်ဝလာမည်

**နေပြည်တော် ဖေဖော်ဝါရီ ၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဝန်ကြီးဌာနအသီးသီးရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ပါမောက္ခများနှင့် ဆရာ၊ ဆရာမများအား ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ခရီးစဉ်တွင်လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ပညာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ နည်းပညာနှင့် ဆေးနှင့်နီးနွယ်တက္ကသိုလ်များမှ ပါမောက္ခချုပ်များ တက်ရောက်ကြသည်။

**နိုင်ငံတော်၏ပညာရေးကဏ္ဍမြှင့်တင်ရေး**

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် နိုင်ငံတော်၏ ပညာရေးကဏ္ဍမြှင့်တင်နိုင်ရန်အတွက် ယခုကဲ့သို့တွေ့ဆုံ အမှာစကားပြောကြားခြင်းဖြစ်ကြောင်း၊ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း အရ မိမိတို့ နိုင်ငံလူဦးရေ၏ စာတတ်မြောက်သူမှာ ၉၁ ဒသမ ၁ ရာခိုင်နှုန်းကျော်ရှိသော်လည်း အခြေခံပညာ မူလတန်းအဆင့် တတ်မြောက်အောင်မြင်သူများပြားပြီး အထက်တန်းအဆင့်နှင့် တက္ကသိုလ်အဆင့် တတ်မြောက်သူ နည်းပါးကြောင်း၊ ၎င်းမှာ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းမှ တွေ့ရှိချက်ဖြစ်ပြီး ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း၊ ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းတို့နှင့်ပါ နှိုင်းယှဉ်လေ့လာကြည့်ပါက မိမိတို့နိုင်ငံ၌ ပညာရေးမြှင့်တင်ရန် လိုအပ်ချက်ကြီးမားသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပညာရည်မြှင့်တင်ရေးလုပ်ငန်းများကို ပိုမိုဆောင်ရွက်ပေးရန် လိုအပ်သည်ကို တွေ့ရကြောင်း။

**အခြေခံပညာအဆင့် ပညာရည်မြှင့်တင်ရေး**

မိမိတို့နိုင်ငံအနေဖြင့် လွတ်လပ်ရေးမရရှိမီအချိန်ကာလအတွင်း ကိုလိုနီလက်အောက်ပညာရေးနှင့် ကမ္ဘာ့စစ်ဒဏ်ကို ခံစားခဲ့ရသဖြင့် ပညာသင်ကြားမှုများ ထိခိုက်ခဲ့ပြီး ပညာရေးအားနည်းခဲ့ကြောင်း၊ ထို့ကြောင့် လွတ်လပ်ရေးရပြီးချိန် နောက်ပိုင်းတွင် ပညာမတတ်သူပပျောက်ရေးအတွက် "အ" သုံးလုံး လှုပ်ရှားမှုများကို ဆောင်ရွက်ခဲ့ကြကြောင်း၊ ကျောင်းပညာသင်ကြားရေးနှင့်ပတ်သက်၍ အဆိုပါအချိန်ကတည်းက အားနည်းချက်များရှိခဲ့ကြောင်း၊ အတန်းပညာသင်ကြားသည့် ကျောင်းပညာသင်ကြားမှုများ နည်းပါးသည့်အတွက် ပညာတတ်များနည်းပါးခဲ့ကြောင်း၊ ခေတ်အဆက်ဆက်ဖြတ်သန်းခဲ့ရသည့် သမိုင်းကြောင်းတွင် ပညာရေးအားနည်းချက်များကြောင့် တည်ငြိမ်အေးချမ်းမှုများ ထိခိုက်ခဲ့ရသည်များ ရှိကြောင်း။

> ❖ **တက္ကသိုလ်ပညာရေးသည် သင်ကြားခြင်းထက် လေ့လာမှု(Study)နှင့် ဆွေးနွေးမှု(Discussion)ကို ပိုမိုအလေးထားသည့်စနစ်ဖြစ်၊ တက္ကသိုလ်ပညာနှင့် ပတ်သက်၍ အမှန်တကယ်တတ်မြောက်နားလည်အောင် သင်ကြားပေးသွားရန်လိုပြီး အဆင့်မြင့်ပညာတက္ကသိုလ်များ၌ လေ့လာခြင်းနှင့် ဆရာ၊ ဆရာမများနှင့် အပြန်အလှန် ဆွေးနွေးခြင်းများကို ဆောင်ရွက်သွားရန်လို၊ အမှန်တကယ် ပညာတတ်မြောက်သူများဖြစ်စေရေး နည်းလမ်းပေါင်းစုံဖြင့် Check၊ Recheck၊ Counter Check ဖြင့် ဆောင်ရွက်၊ တက္ကသိုလ်တွင် တက်ရောက်နေသည့် ကျောင်းသား၊ ကျောင်းသူများအတွက် ပတ်ဝန်းကျင်ကောင်းများဖြစ်အောင် ဖန်တီးဆောင်ရွက်ပေး**

**"အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက"** ဆိုသည့်အတိုင်း အတန်းပညာတက်ရောက်သူများသည် အတန်းပညာသင်ကြားခဲ့ရမှု မရှိကြသူများထက် စည်းကမ်းနှင့် အလေ့အကျင့်များ ပိုမိုကောင်းမွန်ကြသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ဆရာ ဆရာမများ၏ သွန်သင်ဆုံးမမှုများအောက်တွင် ကြီးပြင်းလာကြသူများဖြစ်သဖြင့် ယဉ်ကျေးလိမ္မာမှုနှင့် စည်းကမ်းလိုက်နာကြမှုရှိကြခြင်းဖြစ်ကြောင်း၊ ပညာရေးအားနည်းမှုသည် နိုင်ငံ၏ တည်ငြိမ်အေးချမ်းမှုနှင့် စည်းကမ်းထိန်းသိမ်းရေးအတွက် များစွာအကျိုးသက်ရောက်မှုရှိသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ခေတ်အဆက်ဆက် ဖြစ်ပေါ်ခဲ့သည့် နိုင်ငံရေးဆိုင်ရာ ပဋိပက္ခဖြစ်ပွားမှုများသည် ပညာရေးဆိုင်ရာ အားနည်းမှုများကြောင့်ဖြစ်သည်ဟုလည်း သုံးသပ်နိုင်ကြောင်း၊ အတန်းပညာ၊ အသိပညာများ အားနည်းမှုကြောင့် အခြားသူများ၏ သွေးထိုးလှုံ့ဆော်မှုများကို စဉ်းစားတွေးခေါ်ဆင်ခြင်မှုများ မရှိတော့ဘဲ လုပ်ဆောင်ကြခြင်းကြောင့် နိုင်ငံတည်ငြိမ်ရေးကို ပျက်ပြားစေခဲ့ခြင်းဖြစ်ကြောင်း။

**ပညာရေးမြှင့်တင်၍ နိုင်ငံသူ၊ နိုင်ငံသားများ၏ စိတ်နေစိတ်ထား(Mind Set) ကို မြင့်မားလာအောင် ဆောင်ရွက်ရန်လို**ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အခြေခံပညာအဆင့်၌ အပိုင်း ၂ ပိုင်းရှိပြီး အပိုင်းတစ်အနေဖြင့် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေနိုင်ရေး ဆောင်ရွက်ရမည်ဖြစ်ပြီး အပိုင်းနှစ်အနေဖြင့် ကျောင်းတက်ရောက်နေသည့် ကလေးတိုင်းကို အမှန်တကယ် ပညာတတ်မြောက်အောင် သင်ကြားပေးရေးပင်ဖြစ်ကြောင်း၊ အခြေခံပညာကျောင်းများနှင့်ပတ်သက်၍ အချို့ကျောင်းများမှာ စံကိုက်ဖြစ်သော်လည်း အချို့ကျောင်းများမှာ ကျောင်းအင်္ဂါရပ်များနှင့် ပြည့်စုံမှုမရှိသည်ကိုတွေ့ရကြောင်း၊ အဆင့်မြင့်ပညာဖြစ်သည့် တက္ကသိုလ်၊ ကောလိပ်များတွင်လည်း အလားတူပင်ဖြစ်ကြောင်း၊ ကျောင်းများကို စံကိုက်ကျောင်းများဖြစ်အောင် ဆောင်ရွက်ပေးမှသာ ကျောင်းသား၊ ကျောင်းသူများ စိတ်ပါဝင်စားစွာဖြင့် ကျောင်းတက်ရောက်ပြီး ပညာသင်ကြားလိုစိတ်များ ရှိလာမည်ဖြစ်ကြောင်း၊ အလားတူ ဆရာ၊ ဆရာမများကိုလည်း ယခုထက်အရည်အသွေးမြင့်မားသည့် သင်ကြားမှုများ ဖြစ်စေရေးအတွက်လည်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

သင်ကြားရေးပိုင်းဆိုင်ရာ နည်းစနစ်များ (Teaching Method)ကိုလည်း ခေတ်နှင့်လျော်ညီစွာ ဆောင်ရွက်ပေးရမည်၊ ကျောင်းနေအရွယ်ကလေးများ ကျောင်းတက်ရောက်လိုသည့် စိတ်များရှိအောင် ဆွဲဆောင်၍ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ သင်ကြားရေးပိုင်းနှင့် ပတ်သက်၍လည်း တိုးတက်ကောင်းမွန်လာစေရေး အမြဲသုတေသနပြုဆောင်ရွက်နေရမည်ဖြစ်ကြောင်း၊ အခြေခံပညာမူလတန်းမှစ၍ အခြေခံပညာအထက်တန်း ပြီးဆုံးသည်အထိ ပညာသင်ကြားမှုများကို စနစ်တကျဖြင့်သင်ကြားပေးရန်နှင့် စည်းကမ်းပိုင်းဆိုင်ရာများ လိုက်နာမှုရှိစေရေးအတွက်လည်း သင်ကြားလေ့ကျင့်ဆောင်ရွက်ပေးကြစေလိုကြောင်း၊ ထိုသို့ ဆောင်ရွက်ပေးရန်အတွက် ဆရာ၊ ဆရာမများ၏ အရည်အသွေး မြင့်မားရေးကို ဆောင်ရွက်ပေးရန်လိုအပ်သည်ကိုလည်း တွေ့ရှိရကြောင်း။

အခြေခံပညာ စာသင်ကျောင်းများအားလုံး အဆင့်မြှင့်တင်နိုင်ရေးအတွက် အချိန်ယူဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အချို့တိုင်းရင်းသားဒေသများတွင် ဘာသာစကား အခက်အခဲများနှင့် အခြားအကြောင်းအမျိုးမျိုးကြောင့် ကျောင်းမတက်ရောက်ကြရသူများရှိသဖြင့် ကျောင်းနေရာခိုင်နှုန်းများ နည်းပါးကြကြောင်း၊ ထို့ကြောင့် ပညာရေးလိုအပ်ချက်

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

ရှိသည့် တိုင်းရင်းသားဒေသများတွက် ပညာရည်မြှင့်တင်ရေး လုပ်ငန်းများကို အလေးထားဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တိုင်းရင်းသားဒေသများ၏ ပညာရေးကဏ္ဍ မြှင့်တင်နိုင်ရေးအတွက် ကျောင်းသားများအား သင်ကြားမှုများ အထောက်အကူဖြစ်စေနိုင်သည့် ဆရာ၊ ဆရာမများဖြင့် သင်ကြားပေးနိုင်ရန်လိုကြောင်း၊ ကလေးငယ်များ ပညာသင်ကြားလိုစိတ်ရှိရန်နှင့် ကျောင်းနေပျော်စေရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ မူကြိုကျောင်းတက်သည့် ကလေးတိုင်းသည် မူလတန်းသို့ တက်ရောက်ကြသော်လည်း မူလတန်းတက်ရောက်သည့် ကလေးတိုင်းသည် မူကြိုကျောင်းတက်ရောက်ခဲ့ရမှု မရှိကြောင်း၊ ထို့ကြောင့် ကလေးငယ်များ ကျောင်းပျော်စေရေး Teaching Method များနှင့် ပတ်ဝန်းကျင်ကောင်းများကို ဖော်ဆောင်သွားရန်လိုကြောင်း၊ KG နှင့် KG+1 သင်ကြားပေးသည့် ဆရာ၊ ဆရာမများအနေဖြင့် ကလေးငယ်များ ကျောင်းပျော်စေရေး ဂရုတစိုက်ဖြင့် ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ထို့ကြောင့်လည်း ပညာရေးဝန်ကြီးဌာနက ယခုနှစ်မှစ၍ ရက်တိုသင်တန်းပေးဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်ပေးခြင်းသည် နိုင်ငံတော်၏ အနာဂတ်အတွက် ဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင် အစိုးရကျောင်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများနှင့် ပုဂ္ဂလိကကျောင်းများရှိကြောင်း၊ ပြည်သူအများစုမှာ အစိုးရကျောင်းများတွင် တက်ရောက်ကြခြင်းဖြစ်ကြောင်း၊ အစိုးရအခြေခံပညာကျောင်းများတွင် တက်ရောက်ကြသည့် ကျောင်းသား၊ ကျောင်းသူများ၏ မိဘပြည်သူများအနေဖြင့် ၎င်းတို့၏ သားသမီးများအား ပုဂ္ဂလိကကျောင်းတွင်ထားနိုင်သည့်သူများ မဟုတ်ဘဲ နိုင်ငံတော်မှ ဖွင့်လှစ်သည့် အခြေခံပညာကျောင်းများကို အဓိကအားကိုးရခြင်းဖြစ်ပြီး အများစုမှာ အစိုးရအခြေခံပညာကျောင်းများတွင် တက်ရောက်ကြခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် အစိုးရအခြေခံပညာကျောင်းများ၏ ပညာရေးကောင်းမွန်အောင်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အခြေခံပညာကျောင်းများ ဥပဓိရုပ်များ ကောင်းမွန်ရေးနှင့် ပညာသင်ကြားမှုများ အဆင်ပြေစေရေးအတွက် မိမိတို့အစိုးရတာဝန်ယူချိန်တွင် တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံ၏ အနာဂတ်ကောင်းမွန်ရန်အတွက် ပညာရေးကို အခြေခံမှစ၍ ကောင်းမွန်အောင် ပြုပြင်ပြောင်းလဲမှုများနှင့် အားပေးမှုများကို မဖြစ်မနေဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ဆရာ၊ ဆရာမများ ခန့်ထားမှုနှင့်ပတ်သက်၍ မည်သို့သော ခန့်ထားမှုစနစ်မှ လာသည်ဖြစ်စေ အားလုံးတူညီသည့် အရည်အသွေးများရှိအောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ပညာရေးဝန်ထမ်းများ၏ ခံစားခွင့်များအား ရာထူးအဆင့်အလိုက် ထောက်ပံ့ပေးအပ်မှုများကို စီမံဖြည့်ဆည်းဆောင်ရွက်ပေးထားကြောင်း၊ ဆရာ၊ ဆရာမများ၏ နေထိုင်စားသောက်မှုများ အဆင်ပြေစေရေးအတွက်လည်း တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပညာရေးဝန်ထမ်းများအပါအဝင် နိုင်ငံ့ဝန်ထမ်းများအားလုံးအတွက် ထောက်ပံ့ကြေးများ တိုးမြှင့်ဆောင်ရွက်ပေးထားကြောင်း။

ဆရာ၊ ဆရာမများအနေဖြင့် ကျောင်းနှင့်လုပ်ငန်းခွင်တွင် စိတ်ချမ်းသာစွာ နေထိုင်နိုင်မှသာ စာပေသင်ကြားမှုများကို စိတ်ပါဝင်စားပြီး ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ကလေးငယ်များ အတတ်ပညာများရရှိစေရေး နိုင်ငံတော်အပိုင်းမှ တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် အနာဂတ်အတွက် ပညာရေးသစ်ပင်များကို ပြုစုစိုက်ပျိုးနိုင်ရန်လိုကြောင်း၊ သို့မှသာ ငယ်စဉ်ကတည်းက ပညာရေးအခြေခံကောင်းခဲ့သည့် ကလေးငယ်များသည် မြင့်မားသည့် အတန်းပညာများကို သင်ယူနိုင်မည်ဖြစ်ကြောင်း။



**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။**

**အဆင့်မြင့်ပညာကဏ္ဍတိုးတက်ရေး**

အဆင့်မြင့်ပညာနှင့်ပတ်သက်၍ တက္ကသိုလ်နှင့် သိပ္ပံကျောင်းများတွင် ဒီပလိုမာနှင့် ဘွဲ့ကြို၊ ဘွဲ့လွန် အဆင့်များရှိကြောင်း၊ တက္ကသိုလ်ဝင်တန်းပြီးဆုံးပြီး ဖြေဆို အောင်မြင်မှုမရှိသူ များစွာရှိကြောင်း၊ အဆိုပါ ကျောင်းသား၊ ကျောင်းသူများအား အသက်မွေးဝမ်းကျောင်းပညာ ဒီပလိုမာပညာများ ဆက်လက်သင်ယူနိုင်ရေး ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများကိုလည်း အရည်အချင်းရှိသည့် သူများဖြစ်အောင် ဆက်လက်ဆောင်ရွက် ပေးသွားရန်လိုကြောင်း၊ အဝေးသင်တက္ကသိုလ်များနှင့် ပတ်သက်၍လည်း ပညာသင်ကြားမှုများ စနစ်တကျဖြစ်စေရေးနှင့် တတ်မြောက်မှုမြင့်မားစေရေး ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိတို့အနေဖြင့် တက္ကသိုလ်ပညာရေးကို ယခုထက် ပိုမိုကောင်းမွန် တိုးတက်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ကြိုးစားအားထုတ်မှုများဖြင့် အဆင့်မြင့်ပညာများ တတ်မြောက်အောင် သင်ကြားပေးသွားကြရန်လိုကြောင်း။

တက္ကသိုလ်များသည် အဆင့်မြင့်အသိပညာ၊ အတတ်ပညာများကို သင်ကြားပေးခြင်းဖြစ်ကြောင်း၊ မတူညီသည့် ပညာနယ်ပယ် လူမှုပတ်ဝန်းကျင် အသိုင်းအဝိုင်း ဆက်ဆံမှုများကိုလည်း တက္ကသိုလ်တက်ရောက်ချိန်တွင် ရရှိခြင်းဖြစ်ကြောင်း၊ တက္ကသိုလ်အသိုင်းအဝိုင်းတွင် ဆက်ဆံရမှုများသည် ကျောင်းသား၊ ကျောင်းသူတစ်ဦးချင်းကို ကောင်းမွန်သည့်အတွေ့အကြုံများရရှိစေကာ ကောင်းမွန်သော အတွေးအခေါ် အတွေ့အကြုံများကို ရရှိစေကြောင်း၊ ထို့ကြောင့် အဆိုပါလူမှုအသိုင်းအဝိုင်းသည် ကောင်းမွန်နေမှသာ နိုင်ငံ၏ကောင်းကျိုးကို ဆောင်ရွက်နိုင်သူများ မွေးထုတ်နိုင်မည်ဖြစ်ကြောင်း။

ကျောင်းသား၊ ကျောင်းသူများအနေဖြင့် မိမိတို့ ပညာသင်ကြားရသည့် ပတ်ဝန်းကျင်အလိုက် လူမှုအတွေ့အကြုံများ တူညီမှုမရှိကြကြောင်း၊ အဆိုပါ အတွေ့အကြုံများအလိုက် တစ်ဦးချင်း၏ လူမှုအသိုင်းအဝိုင်းများ ကွာခြားသွားကြကြောင်း၊ လူမှုအသိုင်းအဝိုင်းအတွင်း အကျင့်ကောင်းများကိုရရှိမှသာ နိုင်ငံ့အကျိုးကို ဆောင်ရွက်နိုင်သည့် ပညာတတ် လူသားအရင်းအမြစ်ကောင်းများ ပေါ်များကြွယ်ဝလာမည်ဖြစ်ကြောင်း၊ ယခုအခါ နိုင်ငံတော်အစိုးရအနေဖြင့် တက္ကသိုလ်၊ကောလိပ်များ၏ သွင်ပြင်လက္ခဏာများ ကောင်းမွန်စေရေး တတ်နိုင်သမျှ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကျောင်းသား၊ ကျောင်းသူများအတွက် အားကစားဆောင်ရွက်နိုင်သည့် နေရာများနှင့် ပတ်ဝန်းကျင်ကောင်းများ ရရှိအောင်နှင့် သန့်ရှင်းသာယာရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခြင်းမှအစ လိုအပ်သည့် အခြေခံအဆောက်အအုံများ ဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ တက္ကသိုလ်များတွင် ပတ်ဝန်းကျင်ကောင်းများဖြစ်စေရန် တာဝန်ရှိသူများအနေဖြင့် ဖိဖိစီးစီး ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် မိမိတို့၏လူမှုအသိုက်အဝန်းကို ပြုပြင်ပြောင်းလဲမှုများ တိုးတက်ကောင်းမွန်လာစေမည်ဖြစ်ကြောင်း။

တက္ကသိုလ်ပညာရေးသည် သင်ကြားခြင်းထက် လေ့လာမှု(Study)နှင့် ဆွေးနွေးမှု(Discussion)ကို ပိုမိုအလေးထားသည့်စနစ်ဖြစ်ကြောင်း၊ တက္ကသိုလ်ပညာနှင့်ပတ်သက်၍ အမှန်တကယ်တတ်မြောက်နားလည်အောင် သင်ကြားပေးသွားရန်လိုကြောင်း၊ ထို့ကြောင့်အဆင့်မြင့်ပညာတက္ကသိုလ်များ၌ လေ့လာခြင်းနှင့် ဆရာ၊ ဆရာမများနှင့် အပြန်အလှန်ဆွေးနွေးခြင်းများကိုဆောင်ရွက်သွားရန်လိုကြောင်း၊ အမှန်တကယ် ပညာတတ်မြောက်သူများဖြစ်စေရေး နည်းလမ်းပေါင်းစုံဖြင့် Check ၊ Recheck ၊ Counter Check ဖြင့် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ တက္ကသိုလ်တွင် တက်ရောက်နေသည့် ကျောင်းသား၊ ကျောင်းသူများအတွက် ပတ်ဝန်းကျင်ကောင်းများ ဖြစ်အောင်ဖန်တီးဆောင်ရွက်ပေးကြရန် မှာကြားလိုကြောင်း။

**ပညာရည်မြှင့်တင်ခြင်းမှသည်**
**နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး**

မိမိတို့နိုင်ငံ၏ အဓိကစီးပွားရေးဖြစ်သည့် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့် လူသားအရင်းအမြစ်များရရှိစေရေး စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အခြေခံပညာကျောင်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်ပေးခြင်းဖြင့် နိုင်ငံတော်၏ စိုက်ပျိုးမွေးမြူရေးကုန်ထုတ်လုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်နိုင်ရန်အတွက် အထောက်အကူများ ရရှိလာမည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်လာခြင်းဖြင့် နိုင်ငံတော်၏ GDP များ တိုးတက်လာမည်ဖြစ်ပြီး နိုင်ငံ၏စီးပွားရေး တိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးကုန်ထုတ်လုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မိမိတို့ဒေသ၏ စားရေးကို အထောက်အကူပြုစေမည့် စိုက်ပျိုးမွေးမြူရေးကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်ရန် မိမိအနေဖြင့် အမြဲတိုက်တွန်းပြောကြားလျက်ရှိကြောင်း၊ မိမိတို့နိုင်ငံအတွက် စီးပွားရေးပညာရှင်များလည်း လိုအပ်ကြောင်း၊ ထို့ကြောင့် တက္ကသိုလ်များ၌ စီးပွားရေးပညာရပ်နှင့်ပတ်သက်၍ အခြေခံပညာရပ်များကို သင်ကြားပေးရန်လိုအပ်သဖြင့် မိမိတို့ အစိုးရလက်ထက်တွင် တက္ကသိုလ်၊ ကောလိပ်များ၌BA(Eco) ဘွဲ့များ ပေးအပ်နိုင်ရေးနှင့် စီးပွားရေးအခြေခံများ သင်ကြားနိုင်ရေး ဆောင်ရွက်ပေးခဲ့ကြောင်း၊ အလားတူ ဒီမိုကရေစီနိုင်ငံတွင် ဥပဒေနှင့်ပတ်သက်၍ မဖြစ်မနေသိရှိနားလည်ရန် လိုအပ်သဖြင့် ဥပဒေဆိုင်ရာအခြေခံဘာသာရပ်များကို သင်ကြားပေးပြီး BA(Law) ဘွဲ့များပေးအပ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း။

မိမိတို့နိုင်ငံတွင် စားသုံးဆီနှင့် စက်သုံးဆီများကို ပြည်ပမှ နှစ်စဉ် တင်သွင်းနေရသဖြင့် နိုင်ငံခြားငွေအမြောက်အမြား သုံးစွဲနေရကြောင်း၊ မန္တလေးငလျင်ကြီး လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့ချိန်တွင်လည်း နိုင်ငံတော်၏ဘဏ္ဍာငွေအမြောက်အမြား သုံးစွဲခဲ့ရကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်ပြီး နိုင်ငံစီးပွားရေးတိုးတက်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိတို့အနေဖြင့် မိမိတို့ခြေထောက်ပေါ်တွင် ရပ်တည်နိုင်ရေး မဖြစ်မနေ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ နိုင်ငံ၏ GDP တိုးတက်လာစေရေး နိုင်ငံတော်အစိုးရအနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ပန်းတိုင်ရည်မှန်းချက်များ ပြည့်မီအောင် စိုက်ပျိုးထုတ်လုပ်နိုင်ခြင်းဖြင့် နိုင်ငံခြားပို့ကုန်များ ပိုမိုရရှိလာမည်ဖြစ်ပြီး နိုင်ငံ၏ GDP တိုးတက်လာမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် အမှန်တကယ် လုပ်ချင်ကိုင်ချင်သည့်စိတ်ဖြင့် လူသားအရင်းအမြစ်များကို အသုံးပြုပြီး နိုင်ငံစီးပွားတိုးတက်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ တက်ရောက်လာကြသည့် အဆင့်မြင့်တာဝန်များကို ယူထားကြရသည့် ဆရာ၊ ဆရာမကြီးများအနေဖြင့်လည်း နိုင်ငံကောင်းအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ မြန်မာနိုင်ငံ၏ အနာဂတ်ကောင်းမွန်စေရန်အတွက် ပညာရေးကဏ္ဍကို မဖြစ်မနေ ပြောင်းလဲဖော်ဆောင်သွားရမည်ဖြစ်ကြောင်း၊ မိမိတို့သက်ဆိုင်ရာပတ်ဝန်းကျင်အလိုက် တာဝန်ထမ်းဆောင်မှုများ ကောင်းမွန်အောင် ဆောင်ရွက်ပေးသွားကြစေလိုကြောင်း၊ မိမိတို့အနေဖြင့် ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍများ မြင့်မားလာစေရေး အားပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ မိမိတို့ သင်ကြားပေးလိုက်သည့်ကျောင်းသား၊ ကျောင်းသူများအားလုံး အသိပညာနှင့် အတတ်ပညာ ပြည့်ဝသည့် လူသားအရင်းအမြစ်များဖြစ်အောင် မွေးထုတ်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌသည် ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမဆောင်သို့ ရောက်ရှိကာ လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ခန်းမဆောင် အဆင့်မြှင့်တင်ပြင်ဆင်နိုင်ရေး ကိစ္စရပ်များအား တာဝန်ရှိသူများကို လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သီတဂူဆရာတော်ကြီးအား ဖူးမြော်ကြည်ညိုပြီး သီတဂူစက္ခုဒါနဆေးရုံ တက်ရောက်ကုသမှုခံယူလျက်ရှိသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေး

**နေပြည်တော် ဖေဖော်ဝါရီ ၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သည် ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ခရီးစဉ်တွင်လိုက်ပါလာသည့် အဖွဲ့ဝင် များ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန် တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ရန်ကုန်မြို့တော်ဝန်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မြောက်ဒဂုံမြို့နယ်ရှိ သီတဂူ အပြည်ပြည်ဆိုင်ရာ သာသနာပြုအဖွဲ့ သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၊ သီတဂူစက္ခုဒါနဆေးရုံသို့ သွားရောက်၍ နိုင်ငံတော်ဩဝါဒါစရိယ သောဠသမ ရွှေကျင်သာသနာပိုင်ဆရာတော်၊ သီတဂူကမ္ဘာ့ဗုဒ္ဓ တက္ကသိုလ်များ၏ အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တ ဉာဏိဿရအား ဖူးမြော်ကြည်ညိုသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံ ရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ်၊ ကော်မရှင် အတွင်းရေးမှူးတို့သည် သီတဂူ စက္ခုဒါနဆေးရုံတွင် လာရောက်ကုသခွဲစိတ်မှုခံယူထားသည့် ပြည်သူများ အား မျက်မှန်များ တပ်ဆင်ပေးပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ နှင့်အဖွဲ့ဝင်များသည် ဆေးရုံအတွင်း မျက်စိခွဲစိတ် ကုသမှုခံယူရန် စောင့်ဆိုင်းလျက်ရှိသည့် ပြည်သူများ အား တစ်ဦးချင်း ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် အားပေးစကားပြောကြားသည်။



နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်ဩဝါဒါစရိယ သောဠသမ ရွှေကျင်သာသနာပိုင်ဆရာတော်၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တ ဉာဏိဿရအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

ယင်းနောက် နိုင်ငံတော်ဩဝါဒါစရိယ သောဠသမ ရွှေကျင်သာသနာပိုင် ဆရာတော်၊ သီတဂူကမ္ဘာ့ဗုဒ္ဓ တက္ကသိုလ်များ၏ အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တ ဉာဏိဿရအား ဖူးမြော်ကြည်ညိုပြီး သာသနာရေး ဆိုင်ရာများအား မေးမြန်းလျှောက်ထားကာ ဆရာတော် ကြီးထံမှ ဩဝါဒကထာများ နာယူကြသည်။

ဆက်လက်၍ သီတဂူဆရာတော်ကြီးက နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌအား ဓမ္မ လက်ဆောင်များပေးအပ်သည်။ ထို့နောက် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်း သာယာရေးကော်မရှင်ဥက္ကဋ္ဌက သီတဂူဆရာတော် ကြီးထံ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် မန္တလေးငလျင် ကြီး၏ ဘေးဒဏ်ကြောင့် ပြိုကျပျက်စီးမှုများ ဖြစ်ပေါ် ခဲ့ရသည့် မြတ်စွာဘုရားရှင်၏ ဓာတ်တော်မွေတော် များ ကိန်းဝပ်ရာ ဘုရား၊ စေတီပုထိုးများ ပြုပြင်ရေး လုပ်ငန်းများတွင် အသုံးပြုရန်အတွက် အလှူငွေကျပ် သိန်း ၃၀၀ ကို ဆက်ကပ်လှူဒါန်းခဲ့သည်။

အဆိုပါ သီတဂူအပြည်ပြည်ဆိုင်ရာ သာသနာပြု အဖွဲ့ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၊ သီတဂူစက္ခုဒါန ဆေးရုံတွင် ဆေးရုံတက်ရောက်ကုသရန်အတွက် လာရောက်မျက်စိစမ်းသပ်သူ ၁၆၀၀ ခန့်ရှိကြောင်း၊ ထိုအထဲမှ ၅၀၀ ခန့်သည် မျက်စိခွဲစိတ်ကုသရန်လို အပ်သူများဖြစ်ကြောင်း၊ မျက်စိခွဲစိတ်ကုသရန်လိုအပ် သည့် ပြည်သူများအား အခမဲ့ခွဲစိတ်ကုသခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သီတဂူစက္ခုဒါနဆေးရုံတွင် ခွဲစိတ်ကုသမှုခံယူထားသည့် ပြည်သူများအား မျက်မှန်များတပ်ဆင်ပေးပြီး မျက်စိခွဲစိတ်ကုသမှုခံယူထားသည့် ပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးစကားပြောကြားစဉ်။

## နေရာကွက်ကျား မိုးအနည်းငယ် ရွာနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၆**

နေပြည်တော်၊ ရန်ကုန်မြို့နှင့်မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ဖေဖော်ဝါရီ ၇ ရက်၌ အများအားဖြင့် သာယာမည်။ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တို့တွင် ဖေဖော်ဝါရီ ၈ ရက်၌ နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင် မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့် သာယာနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၄ ပေမှ ၆ ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ရန်ကုန်တက္ကသိုလ်က ဂုဏ်ထူးဆောင် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပါရဂူဘွဲ့ ချီးမြှင့်အပ်နှင်းမှုအပေါ် အဖွဲ့အစည်းအသီးသီးက အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဖေဖော်ဝါရီ ၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ရန်ကုန်တက္ကသိုလ်က ဖေဖော်ဝါရီ ၅ ရက်တွင် အထူးဘွဲ့နှင်းသဘင်အခမ်းအနားဖြင့် ဂုဏ်ထူးဆောင်ပြည်သူ့ရေးရာ စီမံခန့်ခွဲမှု ပါရဂူဘွဲ့ Honorary Doctor of Public Administration (D.P.A. honoris causa)ကို ချီးမြှင့်အပ်နှင်းခဲ့ရာ ထိုသို့ ဂုဏ်ထူးဆောင် ပါရဂူဘွဲ့ လက်ခံရရှိမှုအပေါ် အဖွဲ့အစည်းအသီးသီးက အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ထုတ်ပြန်ကြေညာချက်များကို ယနေ့တွင် ထုတ်ပြန်ကြေညာကြသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မြန်မာနိုင်ငံ၏ နိုင်ငံရေးအပြောင်းအလဲဖြစ်စဉ်တွင် ကြုံတွေ့ခဲ့ရသည့် စိန်ခေါ်မှုအခက်အခဲများကို ဦးဆောင်ဦးရွက်ပြုပြီး စနစ်တကျစီမံခန့်ခွဲဖြေရှင်းနိုင်ခဲ့သည့် စွမ်းဆောင်ချက်များနှင့် နိုင်ငံတော်နှင့် ပြည်သူ့အကျိုးအတွက် စွမ်းစွမ်းတမံကြိုးပမ်းဆောင်ရွက်ခဲ့သည့်အတွက် ထိုသို့ ထူးကဲသောဂုဏ်ဒြပ်များကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်တက္ကသိုလ်က ချီးမြှင့်ပေးအပ်သည့် ဂုဏ်ထူးဆောင်ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပါရဂူဘွဲ့ Honorary Doctor of Public Administration (D.P.A. honoris causa)ကို ရရှိခဲ့ခြင်းအတွက် မြန်မာ – အိန္ဒိယချစ်ကြည်ရေးအသင်း၊ မြန်မာ–ဂျပန် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုအသင်း၊ မြန်မာ–ကိုရီးယားချစ်ကြည်ရေးအသင်း၊ မြန်မာ–ထိုင်း ချစ်ကြည်ရေးအသင်းနှင့် မြန်မာ–လာအိုချစ်ကြည်ရေးအသင်းတို့က အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ကြေညာချက်များ ထုတ်ပြန်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးအသင်းက အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ကြေညာချက်

**၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ရန်ကုန်တက္ကသိုလ်က ဂုဏ်ထူးဆောင်ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပါရဂူဘွဲ့ Honorary Doctor of Public Administration (D.P.A. honoris causa) ကို အပ်နှင်းခဲ့ကြောင်း သိရှိရပါသည်။ အဆိုပါဂုဏ်ထူးဆောင်ပါရဂူဘွဲ့ကို မြန်မာနိုင်ငံ၏ နိုင်ငံရေးအပြောင်းအလဲဖြစ်စဉ်တွင် ကြုံတွေ့ခဲ့ရသည့် စိန်ခေါ်မှုအခက်အခဲများကို ဦးဆောင်ဦးရွက်ပြုပြီး စနစ်တကျ စီမံခန့်ခွဲဖြေရှင်းနိုင်ခဲ့သည့် စွမ်းဆောင်ချက်များကြောင့် အပ်နှင်းခဲ့ရခြင်းဖြစ်ကြောင်း သိရှိရပြီး အဆိုပါဂုဏ်ထူးဆောင်ပါရဂူဘွဲ့ အပ်နှင်းခံရခြင်းအတွက် မြန်မာ–အိန္ဒိယ ချစ်ကြည်ရေးအသင်းအနေဖြင့် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာ–အိန္ဒိယ ချစ်ကြည်ရေးအသင်း**

## မြန်မာ-ဂျပန် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုအသင်းက အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ကြေညာချက်

**၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် နိုင်ငံရေးအသွင်ကူးပြောင်းမှုဖြစ်စဉ်တိုင်းတွင် ကြုံတွေ့ခဲ့ရသည့် နိုင်ငံရေးဖိအားပေးမှုများ၊ စီးပွားရေးပိတ်ဆို့မှုများ၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားရင်ကြားစေ့ရေးလုပ်ငန်းများ၊ နိုင်ငံတကာအသိုက်အဝန်းများနှင့် လိုက်လျောညီထွေရှိနိုင်မည့် ပြုပြင်ပြောင်းလဲမှုများ စသည့်စိန်ခေါ်မှုများကို စနစ်တကျစီမံခန့်ခွဲဖြေရှင်းနိုင်ခဲ့သည့်အတွက် ရန်ကုန်တက္ကသိုလ်က ဂုဏ်ထူးဆောင် ပြည်သူ့ရေးရာစီမံခန့်ခွဲမှု ပါရဂူဘွဲ့ Honorary Doctor of Public Administration (D.P.A. honoris causa) ကို ဖေဖော်ဝါရီ ၅ ရက်နေ့တွင် အထူးဘွဲ့နှင်းသဘင် အခမ်းအနားဖြင့် အပ်နှင်းခဲ့ခြင်းအပေါ် မြန်မာ–ဂျပန် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုအသင်းအနေဖြင့် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာ–ဂျပန် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုအသင်း**

## မြန်မာ-ကိုရီးယား ချစ်ကြည်ရေးအသင်းက အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ကြေညာချက်

**၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် နိုင်ငံရေးအသွင်ကူးပြောင်းမှုဖြစ်စဉ်တိုင်းတွင် ကြုံတွေ့ခဲ့ရသည့် စိန်ခေါ်မှုများအကြားမှ နိုင်ငံ၏စီးပွားရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ လုံခြုံရေးနှင့် ကာကွယ်ရေးကဏ္ဍ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ စသည့်ကဏ္ဍအသီးသီးတွင် ဘက်စုံ၊ ကဏ္ဍစုံမှ ထူးခြားပြောင်မြောက်စွာ ကိုယ်ကျိုးစွန့်အနစ်နာခံပြီး စွမ်းဆောင်နိုင်ခဲ့သည့်အတွက် ရန်ကုန်တက္ကသိုလ်က ဂုဏ်ထူးဆောင် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပါရဂူဘွဲ့ Honorary Doctor of Public Administration (D.P.A. honoris causa)ကို ချီးမြှင့်အပ်နှင်းခံရမှုအပေါ် မြန်မာ–ကိုရီးယားချစ်ကြည်ရေးအသင်းအနေဖြင့် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာ–ကိုရီးယားချစ်ကြည်ရေးအသင်း**

## မြန်မာ-လာအို ချစ်ကြည်ရေးအသင်းက အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ကြေညာချက်

**၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မြန်မာနိုင်ငံ၏ နိုင်ငံရေးအပြောင်းအလဲဖြစ်စဉ်တွင် ကြုံတွေ့ခဲ့ရသည့် စိန်ခေါ်မှုအခက်အခဲများကို ဦးဆောင်ဦးရွက်ပြုပြီး စနစ်တကျစီမံခန့်ခွဲဖြေရှင်းနိုင်ခဲ့သည့် စွမ်းဆောင်ချက်များကြောင့် ရန်ကုန်တက္ကသိုလ်က ဂုဏ်ထူးဆောင်ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုပါရဂူဘွဲ့ Honorary Doctor of Public Administration (D.P.A. honoris causa) ကို ချီးမြှင့်အပ်နှင်းခဲ့ပါသည်။

နိုင်ငံအတွက် နိုင်ငံတော်အကြီးအကဲ၏ကိုယ်ကျိုးစွန့်အနစ်နာခံသည့် ခေါင်းဆောင်မှုသမိုင်းမှတ်တိုင်ကို ထင်ဟပ်ဖော်ပြနေသည့် အဆိုပါဂုဏ်ထူးဆောင်ပါရဂူဘွဲ့ ချီးမြှင့်အပ်နှင်းခံရမှုအပေါ် မြန်မာ–လာအို ချစ်ကြည်ရေးအသင်းအနေဖြင့် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ဖော်ပြအပ်ပါသည်။

**မြန်မာ–လာအို ချစ်ကြည်ရေးအသင်း**

## မြန်မာ-ထိုင်း ချစ်ကြည်ရေးအသင်းက အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ကြေညာချက်

**၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ဖေဖော်ဝါရီ ၅ ရက်နေ့တွင် ရန်ကုန်တက္ကသိုလ်က ဂုဏ်ထူးဆောင် ပြည်သူ့ရေးရာစီမံခန့်ခွဲမှု ပါရဂူဘွဲ့ Honorary Doctor of Public Administration (D.P.A. honoris causa)ကို ချီးမြှင့်အပ်နှင်းခဲ့ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အနေဖြင့် ကမ္ဘာ့နိုင်ငံရေးဖြစ်စဉ်များအပေါ်တွင် နက်နက်ရှိုင်းရှိုင်း သိမြင်နားလည်မှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိသည့် ကိုယ်ရည်ကိုယ်သွေးမြင့်မားမှုများ၊ ပညာရှင်ပီသမှုများဖြင့် လူ့အဖွဲ့အစည်းအတွက် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သည်ကို အသိအမှတ်ပြုသည့်အနေဖြင့် ယခုကဲ့သို့ ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ကို ချီးမြှင့်အပ်နှင်းခြင်းဖြစ်ပြီး ထိုသို့ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ ချီးမြှင့်အပ်နှင်းခံရခြင်းအပေါ် မြန်မာ–ထိုင်း ချစ်ကြည်ရေးအသင်းအနေဖြင့် အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

နိုင်ငံတော်နှင့်ပြည်သူ့အကျိုးကို ဆတက်ထမ်းပိုး တိုး၍သယ်ပိုးထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။

**မြန်မာ–ထိုင်း ချစ်ကြည်ရေးအသင်း**

**၆ - ၂ - ၂၀၂၆ ရက်နေ့**
**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး**
(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ (၆၉၀၀၀၀၀)ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး
သတ်မှတ်ရေးကော်မတီ

**စည်းလုံးခြင်းသည် အင်အား၊ ညီညွတ်ခြင်းသည် စွမ်းအား၊ ငြိမ်းချမ်းခြင်းသည် အလှတရား**

# နွေးထွေးခိုင်ခံ့သော အိမ်ကလေးဖြစ်အောင် ပြန်လည်တည်ဆောက်ကြစို့...

သဲဟန်(ဘန်ကောက်)

အိမ်ဆိုတာ ခေတ်မီတိုက်ကြီးတာကြီး၊ သိန်းသောင်းချီ မတရားဈေးခေါ်တဲ့ နေရာမှာရှိတဲ့အိမ်ကိုမှ အိမ်လို့ ခေါ်စေချင်တာမဟုတ်ပါ။ အိမ်အိုဟောင်းလေးဟာ နွေးထွေးမှုတွေ၊ ညီညွတ်မှုတွေ၊ ချစ်ခြင်းမေတ္တာတွေနဲ့ ထွေးပွေ့ထားရင် ဝါးထရံ၊ ကျူထရံနဲ့ ယိုင်နဲ့နေပါစေ၊ ဒါဟာ အိမ်ပါပဲ။ ယိုင်နဲ့နေတဲ့ အိမ်လေးကို ကြည့်တတ်၊ မြင်တတ်သူရဲ့ တန်ဖိုးထားမှုကပဲ အိမ်ရဲ့တန်ဖိုးကို မြင့်တက်စေမှာပါ။ ကြည့်သောသူမြင်မှာပါ။

သီချင်းတွေ သိပ်ကြိုက်တဲ့ စာရေးသူကတော့ ဂီတပညာရှင်တွေရဲ့ နက်နဲသိမ်မွေ့မှု ဖန်တီးမှုအနုပညာရသကို ခံစားရင်း တရားလည်း ရမိတယ်၊ မျက်ရည်လည်း ဝဲမိပါတယ်။

ဂီတပညာရှင် ကိုမိရာမိုရ် ဖန်တီးတဲ့ "အိမ်"ဆိုတဲ့ သီချင်းကို နားထောင်တိုင်း ရင်ဘတ်ကြီးကိုထိ၊ မျက်ရည်ဝဲမိပါတယ်။ သီချင်းစာသား တစ်စိတ်တစ်ဒေသကို မီးမောင်းထိုးပြခွင့်ပြုဖို့ ဆရာ့ကို ဒီကနေပဲ ခွင့်တောင်းပါရစေ။

**"အိမ်"**

**"ကမ္ဘာမြေမှာ ...ခိုလှုံရာခေါ်ဆိုခဲ့ အိမ်...ရံရွေအလယ် ထည်ဝါစွာ...**
**ဆင်စွယ်နန်းအိမ်...ကျူထရံတွေ ကာရံကာ ဓနိမိုးအိမ်...**
**နှလုံးသားတွေ နွေးထွေးရင်... ဒါဟာလည်းအိမ်..."**
**"အိမ်တစ်အိမ်မှာ မှီတည်ရာ ဘာသာတရားတွေ ကမ္ဘာမြေကို ဖြူစင်စွာ**
**အကြင်နာမျှဝေ...ပိုင်ဆိုင်ရာ...တွယ်တာရာ...ဒီရင်သွေးတွေ...**
**ဆည်းလည်းသံ...လှိုက်ခတ်စေ.. ဒီချစ်ခြင်းတွေ"**
**"ကလေးလေးတွေ...နွေးထွေးဖို့လေ..ကမ္ဘာမြေမှာ အိမ်တစ်အိမ်ကို**
**ဆောက်ကြမယ်လေ... မြင့်မြတ်ခြင်းတွေ...ငြိမ်းအေးခြင်းတွေ...**
**ကမ္ဘာမြေမှာ...ညင်သာစွာ စီးဆင်းဖို့လေ"**

သီချင်းစာသားလေးကို ခံစားရင်း အမိမြေ၊ အမိမြန်မာနိုင်ငံတော်ဆိုတဲ့ အိမ်လေးကို ဘယ်လိုပြန်လည်တည်ဆောက်မလဲဆိုတဲ့ အတွေးဝင်ပြီး မြုပ်နေတဲ့ ဇာတိသွေး၊ ဇာတိမာန်တွေ တဖွားဖွားပေါ်ထွက်လာပါတယ်။ စကားလုံးကြီးကြီးတွေ မပြောတတ်ပေမယ့် တစ်အူထုံ့ဆင်းမိသားစု၊ တိုင်းရင်းသားမျိုးနွယ်စု ၁၃၅ မျိုးမှာ ထိန်းသိမ်းတည်ဆောက်ကြဖို့ တာဝန်ရှိတာတော့ သေချာပါတယ်။

### အစကောင်းရင် အနှောင်းသေချာ

အိမ်တစ်အိမ် တည်ဆောက်မယ်ဆိုရင် အခြေခံအကျဆုံးက မြေသားကို အရင်စမ်းသပ်ပြီး မြေအောက်ကစလို့ ခိုင်ခံ့အောင် ကျောက်တုံးတွေနဲ့ အခိုင်အမာအုတ်မြစ်ချရပါမယ်။ အောက်ဆုံး အခြေခံအုတ်မြစ်ခိုင်ခံ့ပြီး ကြမ်းခင်းတွေ၊ ထုပ်တန်း၊ ဒိုင်း၊ တိုင်၊ နံရံ၊ အမိုး၊ အကာ၊ ထုံး၊ သဲ၊ အုတ်၊ ဘိလပ်မြေ သေချာတွက်ချက်၊ အစကောင်းရင် အနှောင်းသေချာမှာပါ။

ခိုင်ခံ့တဲ့ နိုင်ငံတစ်နိုင်ငံတည်ဆောက်ဖို့ သီလရယ်၊ သမာဓိရယ်၊ ပညာရယ်နဲ့ အရင်အုတ်မြစ်ချရပါမယ်။ ကိုယ်ကျင့်တရားပျက်ပြားမှုတွေကို မြင်အောင် ကြည့်ရပါမယ်။ နိုင်ငံတစ်နိုင်ငံ မပြိုလဲအောင်၊ အသိဉာဏ်၊ ဆင်ခြင်တုံတရား၊ ပညာနဲ့ ပြုပြင်တည်ဆောက်ရပါမယ်။ ဖြစ်ခဲ့တဲ့အတွေ့အကြုံတွေဟာ ယူတတ်ရင် သင်ခန်းစာတွေပါ။ အမိနိုင်ငံတော်ကြီးကို အမှန်တကယ် ပြုပြင်ထိန်းသိမ်းလိုစိတ်ရှိဖို့သာ အဓိကပါ။

### ဟန်ချက်ညီကုလားထိုင် ခြေလေးချောင်း

ပြည်ထောင်စုတိုင်းရင်းသားတွေ စည်းလုံးဖို့၊ ညီညွတ်ဖို့မှာ ကုလားထိုင်ခြေလေးချောင်း ဟန်ချက်ညီသဟဇာတဖြစ်ဖို့ လိုပါတယ်။ ခြေလေးချောင်းက ဘာတွေလဲဆိုတော့ –

၁။ အုပ်ချုပ်သူ လူတန်းစား၊ မင်း၊ အစိုးရ၊
၂။ အုပ်ချုပ်ခံ လူတန်းစား၊ ပြည်သူလူထု၊
၃။ မင်းအစိုးရနဲ့ ပြည်သူကို ဩဝါဒပေးနိုင်၊ဆုံးမနိုင်တဲ့ သံဃာ့အဖွဲ့အစည်း၊ ဘာသာရေးခေါင်းဆောင်များ၊
၄။ တပ်မတော်၊ ရဲ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ လုံခြုံရေးတာဝန်ရှိသူများ။

ဒီလေးလွှာညီညွတ်ပြီး သဟဇာတဖြစ်ရင် ပြည်ထောင်စုကြီး ခိုင်ခံ့မှာဖြစ်ပါတယ်။ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာနဲ့ အခိုင်အမာတည်ဆောက်ရပါမယ်။

စာရေးသူတို့လူမျိုးက လူသုံးလေးဦးရှိရင်ကို အစိတ်စိတ်အမြွာမြွာ ကွဲတတ်ကြပါတယ်။ စိတ်ဓာတ်တွေ ပြင်ဖို့လိုပါတယ်။ သူတစ်လူ ငါတစ်မင်း၊ ငါ၊ ငါ၊ ငါဆိုတဲ့ အတ္တကြီးမှုတွေ၊ ငါနဲ့မတူ ငါ့ရန်သူ။ မြန်မာတွေရဲ့ နောက်ထပ်အားနည်းချက်ကတော့ Diversity to co-exist in harmony မရှိခြင်းပါပဲ။ မတူညီကွဲပြားခြားနားမှုတွေကို ညီညွတ်အောင်၊ သဟဇာတဖြစ်အောင် ဘယ်လိုယှဉ်တွဲနေကြမလဲဆိုတာ လက်ခံကျင့်သုံးဖို့ အားထုတ်စေချင်ပါတယ်။

အတွေးမှား၊ အယူမှားတွေ လွှမ်းမိုးပျံ့နှံ့လာခြင်းဟာလည်း အလွန်ဝမ်းနည်းစရာပါ။ ခေတ်၊ စနစ်ဆိုတာ လူက လုပ်တာပါ။ တစ်ခေတ်တစ်ခါမှာ လူတွေရဲ့ ယဉ်ကျေးမှု၊ စာပေ၊ ဘာသာ၊ သာသနာ၊ အနုပညာ၊ အမူအကျင့်၊ ဓလေ့ထုံးတမ်း၊ ဝတ်စားဆင်ယင်မှု၊ ပြောဆိုမှုတွေဟာ နိုင်ငံတစ်နိုင်ငံကို ရောင်ပြန်ဟပ်တဲ့ ခေတ်တစ်ခုပါပဲ။

သိကြားမင်းကြီးက မြတ်စွာဘုရားကို မေးလျှောက်ဖူးပါတယ်။ "လူတွေဟာ ငြိမ်းငြိမ်းချမ်းချမ်း ပျော်ပျော်ရွှင်ရွှင်နေချင်ပေမယ့် မငြိမ်းချမ်းကြတာ ဘာကြောင့်ပါလဲတဲ့" မြတ်စွာဘုရားက "ဣဿာ၊ မစ္ဆရိယ၊ မနာလိုဝန်တိုမှုတွေကြောင့် မငြိမ်းချမ်းတာ"လို့.. မိန့်တော်မူပါတယ်။

ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူခါနီး နောက်ဆုံးအချိန်မှာ ပရိဗိုဇ်ကြီးတစ်ဦး ရောက်လာပြီး မေးလျှောက်တာကို ဘုရားက ခွင့်ပြုခဲ့ပါတယ်။ **"ခေတ်ပြိုင်ဘာသာတရားတွေ အများကြီးထဲမှာ ဘာကိုယုံရမလဲ၊ ငြိမ်းချမ်းအောင် ဘာလုပ်ရမလဲတဲ့"** ဘုရားရှင်က မိန့်ပါတယ်၊ **"မဂ္ဂင်ရှစ်ပါးလမ်းသာလျှင် ငြိမ်းချမ်းနိုင်တယ်၊ မဂ္ဂင်ရှစ်ပါးမရှိသော ကိုးကွယ်ရာဘာသာများဟာ ငြိမ်းချမ်းရေးကို မဖော်ဆောင်နိုင်ပါတဲ့"** ဒီစကားနာကြားပြီးတဲ့ ပရိဗိုဇ်ကြီးတရားကျင့်တာ တရားထူးရသွားတယ်လို့ နာကြားဖူးပါတယ်။

### သစ္စာ

**"ကတိသစ္စာ၊ တည်သောခါဝယ်၊ နွယ်မြက်သစ်ပင်၊ ဆေးဖက်ဝင်၏"** တဲ့။ "သစ္စာ" မြတ်ဗုဒ္ဓဟောကြားသမျှ တရားအနှစ်ချုပ်ကလည်း သစ္စာလေးပါးတရားပါ။

နိုင်ငံငြိမ်းချမ်းရေးတည်ဆောက်မှုရဲ့ အဓိကဆူးငြောင့်ဟာ သစ္စာဖောက်၊ သစ္စာပျက်ယွင်း၊ ကတိမတည်မှု၊ ငွေရရင် ဘယ်သူသေသေ၊ ငတေမာပြီးရောဆိုတဲ့ ဘက်ပြောင်းမှုတွေ၊ အဓိကအကြောင်းတရားပါ။

ငြိမ်းချမ်းရေးကိုရဖို့ဆိုရင် ငြိမ်းချမ်းရေး တကယ်လိုချင်စိတ်မရှိဘဲ ဆွေးနွေးလို့မရပါဘူး။ ငြိမ်းချမ်းရေးစကားဝိုင်းမှာ တစ်ဖက်နဲ့တစ်ဖက်၊ တွေးခေါ်စဉ်းစားဆင်ခြင်နိုင်တဲ့ ဉာဏ်ရည်ဉာဏ်သွေးတူညီတဲ့ အခြေခံရှိရပါမယ်။ မဟုတ်ရင် ကျွဲပါးစောင်းတီး၊ ရသမခံစားတတ်တဲ့သူတွေက ကတိသစ္စာမတည်နိုင်ပါ၊ ပြည်ပက ငွေနဲ့ သွေးထိုးတိုင်း ဘက်ကူးပြောင်းကြဦးမှာပါ၊ မယုံသင့်ပါ။

သစ္စာဆိုလို့ စစ်သားကောင်း၊ စစ်သူရဲကောင်းတွေဟာ ကတိသစ္စာတည်လေ့ရှိပါတယ်။ မကောက်ကျစ်ပါဘူး။ ဒါကြောင့်လည်း တစ်ဖက်ရန်သူရဲ့ ကောက်ကျစ်လိမ်လည် လှည့်ဖြားမှုကြောင့် ပေးဆပ်တတ်ကြရပါတယ်။ သတိပြုဖို့လိုပါတယ်။

မိမိတို့ရဲ့ အမျိုးသားအမွေအနှစ် နိုင်ငံတည်တံ့ခိုင်မြဲအောင်၊ မပြိုလဲအောင် တတ်စွမ်းသမျှ ပါဝင်တည်ဆောက်ပါမယ်လို့ ရင်ထဲမှာ သစ္စာအဓိဋ္ဌာန်ပြုမိပါတယ်။

လွတ်လပ်ရေးဆိုတာကို ဒီကနေ့မျိုးဆက်သစ်တွေ ပေါ့ပေါ့လေး မတွေးကြပါနဲ့။ ဆုံးရှုံးဖူးတဲ့အရာတွေဟာ တန်ဖိုးဖြတ်လို့ မရပါဘူး။ ဝါးအစည်းပြေရင် အချိုးခံရမှာပါ။ နွားကွဲရင် ကျားကိုက်မှာပါ။ အနောက်စည်းရိုးကလည်း ယဲ့ယဲ့လေး၊ ပေးဆပ်ခဲ့ရတဲ့ စစ်သည်တွေရဲ့ အရိုးတွေနဲ့ စည်းရိုးကာထားရတာပါ။ ဒီအချိန်ဟာ မိသားစုချင်းရန်ဖြစ်နေကြရမယ့်အချိန် မဟုတ်တော့ပါဘူး။ နိုင်ငံထိခိုက်မှုမရှိအောင်၊ မပြိုလဲအောင် ဝိုင်းကာကွယ်ဖို့ လူတိုင်းမှာ တာဝန်ရှိပါတယ်။

### အချိန်မီ ပြုပြင်ဖို့လို

မျိုးဆက်သစ်လူငယ်အချို့ဟာ ဘာသာရေးကို မလိုအပ်ဘူးလို့၊ အပိုတွေလို့ ထင်မြင်ယူဆနေကြတာ များတယ်နော်။ အကြမ်းဖက်

**"မျိုးဆက်သစ်လူငယ်အချို့ဟာ ဘာသာရေးကို မလိုအပ်ဘူးလို့၊ အပိုတွေလို့ ထင်မြင်ယူဆနေကြတာ များတယ်နော်။ အကြမ်းဖက်သမားအားလုံးဟာ ဘာသာသာသနာ အကွပ်မရှိတဲ့သူတွေချည်းပါပဲ။ အခြေအနေမှန်ဟာ အနာဂတ်ရဲ့ လမ်းဆုံလမ်းခွရောက်နေပါပြီ။ ပိရမစ် အဆင့်ဆင့်ခွဲပြောရရင် စိတ်ဓာတ်တန်ဖိုး၊ ကိုယ်ကျင့်တရား၊ ဘာသာတရားကိုင်းရှိုင်းမှုဟာ ထိပ်ဆုံးမှာရှိရပါမယ်။ ဒီအောက်မှာ ယဉ်ကျေးမှု၊ ဉာဏ်စွမ်းဉာဏ်စ၊ ဓလေ့ထုံးတမ်း၊ သူ့အောက်မှာ လူသားအရင်းအမြစ်၊ စိတ်ခံစားမှု၊ လူသားဆန်သော တန်ဖိုး၊ ပြီးမှသာ အောက်ဆုံးမှာ ရုပ်ပိုင်းဆိုင်ရာ၊ ဇီဝဆိုင်ရာရှင်သန်မှုအဆင့်ဆင့် ရှိသင့်တာပါ။ အခုတော့ အနာဂတ်သွားမယ့်လမ်းဆုံမှာ ဇောက်ထိုးမိုးမျှော် စိတ်ဓာတ်တန်ဖိုး၊ ကိုယ်ကျင့်တရား၊ ဘာသာသာသနာက အောက်ဆုံးရောက်၊ ယဉ်ကျေးမှု၊ ဉာဏ်စွမ်းဉာဏ်စ တန်ဖိုးတွေက အောက်ပြုတ်မကျရုံတမယ် တည်းတည်းလေး၊ ငွေကြေးရဖို့ စာရိတ္တမဏ္ဍိုင်ကျိုးပျက်တဲ့ ရုပ်ပိုင်းဆိုင်ရာကို ထိပ်ဆုံးထား ကိုးကွယ်နေကြပါပြီ။ ဒါကို အချိန်မီမပြုပြင်နိုင်ရင်တော့ အနာဂတ်ကို မတွေ့ရပါဘူး"**

သမားအားလုံးဟာ ဘာသာသာသနာ အကွပ်မရှိတဲ့သူတွေချည်းပါပဲ။ အခြေအနေမှန်ဟာ အနာဂတ်ရဲ့ လမ်းဆုံလမ်းခွ ရောက်နေပါပြီ။ ပိရမစ် အဆင့်ဆင့်ခွဲပြောရရင် စိတ်ဓာတ်တန်ဖိုး၊ ကိုယ်ကျင့်တရား၊ ဘာသာတရားကိုင်းရှိုင်းမှုဟာ ထိပ်ဆုံးမှာရှိရပါမယ်။ ဒီအောက်မှာ ယဉ်ကျေးမှု၊ ဉာဏ်စွမ်းဉာဏ်စ၊ ဓလေ့ထုံးတမ်း၊ သူ့အောက်မှာ လူသားအရင်းအမြစ်၊ စိတ်ခံစားမှု၊ လူသားဆန်သောတန်ဖိုး၊ ပြီးမှသာ အောက်ဆုံးမှာ ရုပ်ပိုင်းဆိုင်ရာ၊ ဇီဝဆိုင်ရာရှင်သန်မှုအဆင့်ဆင့် ရှိသင့်တာပါ။ အခုတော့ အနာဂတ်သွားမယ့်လမ်းဆုံမှာ ဇောက်ထိုးမိုးမျှော် စိတ်ဓာတ်တန်ဖိုး၊ ကိုယ်ကျင့်တရား၊ ဘာသာသာသနာက အောက်ဆုံးရောက်၊ ယဉ်ကျေးမှု ၊ ဉာဏ်စွမ်းဉာဏ်စ တန်ဖိုးတွေက အောက်ပြုတ်မကျရုံတမယ် တည်းတည်းလေး၊ ငွေကြေးရဖို့ စာရိတ္တမဏ္ဍိုင် ကျိုးပျက်တဲ့ ရုပ်ပိုင်းဆိုင်ရာကို ထိပ်ဆုံးထား ကိုးကွယ်နေကြပါပြီ။ ဒါကို အချိန်မီ မပြုပြင်နိုင်ရင်တော့ အနာဂတ်ကို မတွေ့ရပါဘူး။

စိတ်ဓာတ်တွေ အရင်ပြင်ရမှာပါ။ လောကုတ္တရာစကားနဲ့ပြောရရင် သီလ၊ သမာဓိ၊ ပညာ။ လောကီစကားနဲ့ပြောရင်တော့ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာကို အခြေခံအုတ်မြစ်ချရမှာပါ။ အခြေခံအုတ်မြစ်ချဖို့ ပျက်နေတဲ့ စိတ်ဓာတ်၊ စည်းကမ်းတွေကို အရင်မြေလှန်ပစ်ရမှာပါ။

### ကလေးတွေကို စပြီးပျိုးထောင်

ပြည်ထောင်စုကြီးမပြိုကွဲအောင် ညီညွတ်မှုက အဓိကပါ။ နွေးထွေးခိုင်ခံ့တဲ့အိမ်ကလေးတည်ဆောက်ဖို့ ကလေးတွေကို စပြီးပျိုးထောင်ဖို့လိုပါတယ်။ ကလေးတွေရဲ့ ဘဝလေးတွေကို စာသင်ခန်းထဲမှာ မေတ္တာ၊ ကရုဏာ၊ မုဒိတာ အာဟာရကျွေးပြီး စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ အုတ်မြစ်ချပေးရမှာပါ။ ကျောင်းတွေမှာ တစ်ပတ်တစ်ခါ၊ တစ်လတစ်ခါ စသဖြင့် မျိုးချစ်စိတ်ရှင်သန်ရေး၊ ဘာသာသာသနာ၊ ယဉ်ကျေးမှုထိန်းသိမ်းရေး၊ ဟောပြောပွဲတွေ၊ Game တွေနဲ့ Extracurricular အနေနဲ့ ထည့်သွင်းပေးနိုင်ရင် အကျိုးများမယ်လို့ ယုံကြည်ပါတယ်။

Diversity to co-exist in harmony concept ကို အလုပ်ရုံဆွေးနွေးပွဲတွေ၊ အခါအားလျော်စွာ ပြင်ပ ပညာရှင်တွေ ဖိတ်ကြားဟောပြောပေးနိုင်ရင်တော့ အတိုင်းထက်အလွန်ပါပဲ။ စိတ်ဓာတ်ကို

*စာမျက်နှာ ၁၁ သို့*

# ၂၀၂၅ ခုနှစ် အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲအောင်စာရင်း ထုတ်ပြန်ကြေညာ

၁။ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလတွင် ကျင်းပခဲ့သည့် အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲအောင်စာရင်းကို ထုတ်ပြန်ကြေညာသည်-

(က) အဘိဓမ္မာစာမေးပွဲတွင် စာဖြေဌာနပေါင်း(၁၁၅)ဌာနတို့၌ ဖြေဆိုသူ(၁၃၇၅၁)ဦး၊ အောင်မြင်သူ (၁၁၄၁၉)ဦး၊ အောင်မြင်မှုရာခိုင်နှုန်း(၈၃.၀၄)ရာခိုင်နှုန်းဖြစ်၍ ပြည်တွင်း၊ ပြည်ပ စာဖြေဌာနများအနက် အမှတ်အများဆုံး ပထမ၊ ဒုတိယ၊ တတိယ(ထူးချွန်ဆု) ရရှိသူများမှာ-

(၁) **ပထမ**

ခုံအမှတ်-ပဇတ/၄၊ ဒေါ်ပြည့်ပြည့်ဖြိုးမြင့်၊ ပုဇွန်တောင်စာဖြေဌာန၊ ရန်ကုန်တိုင်းဒေသကြီး။

(၂) **ဒုတိယ**

ခုံအမှတ်-ပခစ/၁၆၊ မမြင့်စုကျော်၊ ပဲခူးစုစာဖြေဌာန၊ ကချင်ပြည်နယ်။

(၃) **တတိယ**

ခုံအမှတ်-သရ/၁၁၊ ဒေါ်ခင်မေအောင်၊ သရက်စာဖြေဌာန၊ မကွေးတိုင်းဒေသကြီး။

(ခ) အဘိဓမ္မာဂုဏ်ထူးဆောင်စာမေးပွဲတွင် စာဖြေဌာနပေါင်း(၁၀၂)ဌာနတို့၌ ဖြေဆိုသူ(၂၆၃၀)ဦး။ အောင်မြင်သူ(၂၀၄၃)ဦး၊ အောင်မြင်မှုရာခိုင်နှုန်း (၇၇.၆၈)ရာခိုင်နှုန်းဖြစ်၍ ပြည်တွင်း၊ ပြည်ပ စာဖြေဌာနများအနက် အမှတ်အများဆုံး ပထမ၊ ဒုတိယ၊ တတိယ(ထူးချွန်ဆု)ရရှိသူများမှာ-

(၁) **ပထမ**

ခုံအမှတ်-ထီလာ/၁၊ ဒေါ်သန္တာစိုး၊ မိတ္ထီလာစာဖြေဌာန၊ မန္တလေးတိုင်းဒေသကြီး။

(၂) **ဒုတိယ**

ခုံအမှတ်-မဟမ/၁၁၊ မလွင်လွင်ချို၊ မဟာအောင်မြေစာဖြေဌာန၊ မန္တလေးတိုင်းဒေသကြီး။

(၃) **တတိယ**

ခုံအမှတ်-ဒုံ/၁၊ ဒေါ်ညိုညိုသက်၊ မုဒုံစာဖြေဌာန၊ မွန်ပြည်နယ်။

(ဂ) ဝိသုဒ္ဓိမဂ်စာမေးပွဲတွင် စာဖြေဌာနပေါင်း(၉၅)ဌာနတို့၌ ဖြေဆိုသူ(၁၅၄၁)ဦး၊ အောင်မြင်သူ (၁၂၉၄)ဦး၊ အောင်မြင်မှုရာခိုင်နှုန်း(၈၃.၉၇)ရာခိုင်နှုန်းဖြစ်၍ ပြည်တွင်း၊ ပြည်ပ စာဖြေဌာနများအနက် အမှတ်အများဆုံး ပထမ၊ ဒုတိယ၊ တတိယ(ထူးချွန်ဆု)ရရှိသူများမှာ-

(၁) **ပထမ**

ခုံအမှတ်-လှိုင်/၁၁၊ မစိမ့်စမ်းဆွေစင်၊ လှိုင်စာဖြေဌာန၊ ရန်ကုန်တိုင်းဒေသကြီး။

(၂) **ဒုတိယ**

ခုံအမှတ်-လှိုင်/၅၊ ဒေါက်တာချောချောအိ၊ လှိုင်စာဖြေဌာန၊ ရန်ကုန်တိုင်းဒေသကြီး။

(၃) **တတိယ**

ခုံအမှတ်-စက/၂၃၊ ဒေါ်ဝေဝေ၊ စစ်ကိုင်းစာဖြေဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး။

၂။ အောင်စာရင်းအပြည့်အစုံကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ Website- www.mahana.org.com၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန Website- www.mora.gov.mm နှင့် သာသနာရေးဦးစီးဌာန Website- www.dra.gov.mm တို့မှ ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

# ဗုဒ္ဓဘာသာ ယဉ်ကျေးမှုစာမေးပွဲ အချိန်စာရင်းထုတ်ပြန်

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ကြီးကြပ်မှုဖြင့် မြို့နယ်သံဃနာယကအဖွဲ့များက တာဝန်ယူ ကျင်းပသော အကြိမ်(၄၀)မြောက် ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲကို နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်စာဖြေဌာနများတွင် ဖော်ပြပါအချိန်ဇယားအတိုင်း ကျင်းပပြုလုပ်မည် ဖြစ်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်-

| နေ့ရက် | ခွင့်ပြုချိန် | ဘာသာ |
|---|---|---|
| ၁၃၈၈ ခုနှစ်၊ နယုန်လဆန်း (၃) ရက် (၁၈-၅-၂၀၂၆) တနင်္လာနေ့ | ၁၃:၀၀ နာရီမှ ၁၅:၀၀ နာရီထိ | ယဉ်ကျေးမှုကျင့်ဝတ် |
| ၁၃၈၈ ခုနှစ်၊ နယုန်လဆန်း (၄) ရက် (၁၉-၅-၂၀၂၆) အင်္ဂါနေ့ | ၁၃:၀၀ နာရီမှ ၁၅:၀၀ နာရီထိ | ဗုဒ္ဓဘာသာမြန်မာစာ |
| ၁၃၈၈ ခုနှစ်၊ နယုန်လဆန်း (၅) ရက် (၂၀-၅-၂၀၂၆) ဗုဒ္ဓဟူးနေ့ | ၁၃:၀၀ နာရီမှ ၁၅:၀၀ နာရီထိ | အခြေခံအဘိဓမ္မာ |

**သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန**

# စက်ပစ္စည်းကြီးကြပ်မှုကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၆**

စက်ပစ္စည်းကြီးကြပ်မှု ကော်မတီ (၅/၂၀၂၅-၂၀၂၆) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ စက်ပစ္စည်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ကော်မတီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် စက်ပစ္စည်းကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက ယခု အစည်းအဝေးတွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် စက်ပစ္စည်း ကြီးကြပ်မှုကော်မတီသို့ ဝန်ကြီးဌာန/ အဖွဲ့အစည်းများက တင်ပြလာသည့် ရန်ပုံငွေလွှဲပြောင်း သုံးစွဲခြင်း အမှာစာခုနစ်စောင်နှင့် စီမံကိန်းတန်ဖိုးပြောင်းလဲခြင်း အမှာစာတစ်စောင်တို့ကို အတည်ပြု ဆွေးနွေးရန်ဖြစ်ကြောင်း၊ ၂၀၂၁-၂၀၂၂ ခြောက်လဘဏ္ဍာရေးနှစ်မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် (ဧပြီလမှ ဒီဇင်ဘာလအတွင်း) အထိ လုပ်ငန်းဆောင်ရွက်ခဲ့မှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်း ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ စက်ပစ္စည်းကြီးကြပ်မှု ကော်မတီအနေဖြင့် ဝန်ကြီးဌာန/ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် အသုံးပြုရန် ငွေလုံးငွေရင်းအသုံး စရိတ် (စက်ပစ္စည်း) များ တင်ပြ တောင်းခံလာသည့်အပေါ် စိစစ်ဆောင်ရွက် ပေးနိုင်ခဲ့ကြောင်း၊ စက်ပစ္စည်းကြီးကြပ်မှုကော်မတီ၏ မူဝါဒလုပ်ငန်းတာဝန်များနှင့်အညီ လုပ်ငန်းများ ပိုမိုထိရောက် အောင်မြင်စွာ ဆောင်ရွက်နိုင်စေရန် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက ဝန်ကြီးဌာန/ အဖွဲ့အစည်းများက တင်ပြသည့် ရန်ပုံငွေလွှဲပြောင်း အမှုတွဲ ရှစ်စောင်နှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ စီမံကိန်းတန်ဖိုးပြောင်း အမှုတွဲ တစ်စောင်၊ ၂၀၂၁-၂၀၂၂ ခု (၆လ) ဘဏ္ဍာရေးနှစ်မှ ၂၀၂၅-၂၀၂၆ ခု ဘဏ္ဍာရေးနှစ်အထိ စက်ပစ္စည်းကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေနှင့် လုပ်ငန်းကော်မတီများ ဖွဲ့စည်းမှုများကို ရှင်းလင်းတင်ပြကြရာ တက်ရောက်လာကြသူများက အကြံပြုဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ သုံးသပ်ဆွေးနွေး မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း စက်ပစ္စည်းကြီးကြပ်မှုကော်မတီ၏ (၅/၂၀၂၅-၂၀၂၆) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

*စာမျက်နှာ ၁၀ မှ*

ယဉ်ကျေးမှုက ပုံဖော်ပေးပါတယ်။ ကလေးတွေရဲ့ ပညာရေးကစပြီး ပြန်လည်အုတ်မြစ်ချရမှာပါ။

စာရေးသူကို မင်္ဂလာဒုံတောတိုက် ဓမ္မဆရာတော်ကြီး ဘကကျောင်း ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်စဉ်တုန်းက ကလေးသူငယ်ဗဟိုပြုစာသင်ကြားနည်းကို လာပို့ချဖို့ ညွှန်ကြားတာနဲ့ ဘကကျောင်းတော်တော်များများမှာ workshop အလုပ်ရုံဆွေးနွေးပွဲလုပ်ခဲ့ဖူးပါတယ်။ Michael Jackson ရဲ့ Heal the World အင်္ဂလိပ်သီချင်းစာသားကို ဘာသာရပ်အနေနဲ့ သင်ကြားပေးပြီး တွေးခိုင်းပါတယ်။ ကမ္ဘာကြီးဖျားနာနေတယ် ဘယ်လိုကုပေးမလဲ၊ နှလုံးသားတစ်နေရာမှာ ချစ်ခြင်းမေတ္တာလေးရှိရင်ဒါ..ဆေးပဲလေ၊ အုပ်စုလိုက် ကြိုက်တဲ့ပုံစံနဲ့ ပုံဖော်ခိုင်းတဲ့အခါ တချို့က ကဗျာချက်ချင်းကောက်စပ်ကြသလို ပန်းချီတွေ၊ စာစုတွေနဲ့ ကလေးတွေမှာ တိမ်မြုပ်နေတဲ့ စွမ်းအားတွေ မယုံနိုင်လောက်အောင် ထွက်လာတာ တွေ့ရပါတယ်။

"From Battle War to Better World" စစ်မြေတလင်းမှသည် ပိုကောင်းသော ကမ္ဘာသစ်ကြီးဆီသို့ စတဲ့ Slogan တွေ ဖန်တီးနိုင်ကြတာတွေ့ရပါတယ်။ စိတ်ပညာရှင်ကြီး Howard Gardner ရဲ့ ဉာဏ်စွမ်းဉာဏ်စ ခုနစ်မျိုးကို ဒီကလေးတွေဆီမှာ တွေ့ရပါတယ်။ ဝီလျံရှိတ်စပီးယား (William Shakespeare)က ပြောဖူးပါတယ်၊ ကျွန်ုပ်တို့ရဲ့ ပညာရေးဟာ မျောက်ကို ရေကူးခိုင်းပြီး ငါးကို သစ်ပင်တက်ပြိုင်ခိုင်းသလို ဖြစ်နေတယ်တဲ့။ လူမှန်နေရာမှန် ဟုတ်မနေဘူး။ ဒီကမ္ဘာကျော် ပညာရှင်ကြီးဟာ ကျောင်းမှာ သဒ္ဒါအလွန်ညံ့တယ်လို့ ဆရာတွေက မှတ်ချက်ပေးခံရသူပါ။

**စာမေးပွဲစနစ် ကောင်းပါတယ်။ ဒါပေမယ့် သူတို့မှာ မြုပ်နေတဲ့ Multiple Intelligence တွေ ရှင်သန်ခွင့်ပြုဖို့ Extra Curricular အမှတ်ပေးစည်းမျဉ်းကိုလည်း ထည့်သွင်းစဉ်းစားသင့်ပါတယ်။ အလွတ်ကျက်ဖြေလို့ရလာတဲ့ ဂုဏ်ထူးတွေမှာ လူမှုရေးတန်ဖိုး၊ ယဉ်ကျေးမှုတန်ဖိုး၊ ဘာသာရေးတန်ဖိုး၊ ပင်ကိုစွမ်းရည်တီထွင်စမ်းသပ်မှုကို မတွေ့နိုင်ပါဘူး။ အဲဒီအလုပ်ရုံဆွေးနွေးပွဲတွေမှာ ဆယ်မိနစ်အတွင်း ကဗျာတစ်ပုဒ်စပ်နိုင်တဲ့ ကလေးအတွက် သူ့အရည်အချင်းကို ပြသဖို့၊ အမှတ်ရဖို့ အခွင့်အရေး မရှိပါဘူး။**

နိုင်ငံချစ်စိတ်၊ ယဉ်ကျေးမှုဓလေ့ထုံးစံချစ်စိတ်လေးတွေရှိလာအောင် ပျော်စရာလှုပ်ရှားတက်ကြွမှုတွေ၊ Project - Based Activity လေးတွေ ရှိသင့်တယ်ထင်ပါတယ်။ ရိုးရာဝတ်စုံနေ့ စသဖြင့် ပြည်တွင်းဖြစ်ကို အားပေးအောင် တိုက်တွန်းသင့်ပါတယ်။

ပြည်ထောင်စုစိတ်ဓာတ်တွေ ရှင်သန်ဖို့၊ ကလေးတွေ နွေးထွေးဖို့၊ မေတ္တာ၊ ကရုဏာ၊ မုဒိတာ မှီတည်ရာ ဘာသာတရားတွေနဲ့ ခိုလှုံရာ အိမ်ကလေးတည်ဆောက်ဖို့ ကလေးတွေရဲ့ ပညာရေးကစ အခြေခံအုတ်မြစ်ချရမှာပါ။

မြင့်မြတ်ခြင်းတွေ၊ ငြိမ်းချမ်းခြင်းတွေ ကမ္ဘာမြေမှာ စီးဆင်းဖို့ အားလုံးအတူ လက်တွဲပြီး အိမ်လေးတစ်အိမ် ပြန်လည်တည်ဆောက်ကြရအောင်ပါ။

မာယာကင်းမဲ့၊ မနာလိုကင်းမဲ့၊ မစ္ဆရိယချည်နှောင်မှုကင်းမဲ့တဲ့ ကမ္ဘာမြေမှာ တို့အိမ်၊ ငါတို့အိမ်ကလေးကို ရဲရဲဝံ့ဝံ့ ပြန်လည်တည်ဆောက်ကြပါစို့။ ။

# နိုင်ငံခြားရေးဝန်ကြီးဌာန မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲ ကျင်းပ




**နေပြည်တော် ဖေဖော်ဝါရီ ၆**
နိုင်ငံခြားရေးဝန်ကြီးဌာန မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကို ဝန်ထမ်းများ စည်းလုံးညီညွတ်ရေး၊ လုပ်ငန်းခွင်ပျော်ရွှင်စေရေး၊ ဝန်ထမ်းများအကြား အပြန်အလှန်ချစ်ကြည်ရင်းနှီးမှုနှင့် အဖွဲ့အစည်းစိတ်ဓာတ် ဖြစ်ပေါ်ခိုင်မာအားကောင်းလာစေရေး၊ ပျော်ရွှင်စွာဖြင့် ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအစဉ်အလာကို ထိန်းသိမ်းရေးဟူသော ရည်ရွယ်ချက်များဖြင့် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ရုံးအမှတ် (၉) နိုင်ငံခြားရေးဝန်ကြီးဌာန၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ထမနဲထိုးပြိုင်ပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ဒုတိယဝန်ကြီး ဦးကိုကိုကျော်နှင့် ဦးနိုင်မင်းကျော်၊ အမြဲတမ်းအတွင်းဝန်၊ သံအမတ်ကြီးများ၊ ဝန်ထမ်းများနှင့်အတူ အထူးဧည့်သည်တော်များအဖြစ် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၊ ဗဟိုအကြံပေးအဖွဲ့ဝင် ဦးဝဏ္ဏမောင်လွင်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးလွင်ဦး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးကျော်မျိုးထွန်းတို့လည်း တက်ရောက်ကြပြီး ပျော်ရွှင်စွာပါဝင်ဆင်နွှဲကြသည်။

ထမနဲထိုးပြိုင်ပွဲကို နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးနှင့်ဦးစီးဌာနတို့မှ ဌာနအလိုက် အရာထမ်း၊ အမှုထမ်းများ ပါဝင်သည့် ပြိုင်ပွဲဝင်အသင်း ရှစ်သင်းတို့က မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာအတိုင်း အမှတ်ပေးသတ်မှတ်ချက်များနှင့်အညီ အားကြိုးမာန်တက်ပါဝင်ယှဉ်ပြိုင်ကြရာ ဝန်ထမ်းများကလည်း ဦးစီးဌာနအလိုက် အိုးစည်ဒိုးပတ်၊ သံချပ်များဖြင့် တီးမှုတ်ကခုန်ကာ ပျော်ရွှင်စွာအားပေးခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ဝင်၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင်၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်အသင်း ရှစ်သင်းတို့၏ ထမနဲထိုးပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို လိုက်လံကြည့်ရှုအားပေးပြီး ပြိုင်ပွဲတွင် ဆုရရှိသည့်အသင်းများကို ဆုများချီးမြှင့်ခဲ့ကြသည်။ **(အပေါ်ပုံ)**

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း LNG မှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးမည့် အစီအစဉ်များနှင့် ပတ်သက်၍ တိုင်းဒေသကြီး/ပြည်နယ်များမှ အစိုးရအဖွဲ့ တာဝန်ရှိသူများ၊ စက်မှု/လက်မှု လုပ်ငန်းရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၆**
လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းသည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရုံးအမှတ် (၂၇) ရှိ ခန်းမ၌ LNG မှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးမည့် အစီအစဉ်များနှင့် ပတ်သက်၍ တိုင်းဒေသကြီး/ပြည်နယ်များမှ အစိုးရအဖွဲ့ တာဝန်ရှိသူများ၊ စက်မှု/လက်မှု လုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။ **(အောက်ပုံ)**

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်၊ တိုင်းဒေသကြီး/ပြည်နယ်များမှ သယံဇာတရေးရာဝန်ကြီးများ၊ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ခေတ္တဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ဦးစီးဌာန၊ လုပ်ငန်းတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင် ညွှန်ကြားရေးမှူးများ၊ ရန်ကုန် လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း အမှုဆောင်အရာရှိချုပ်၊ ဌာနကြီးမှူးများ၊ တိုင်းဒေသကြီး/ပြည်နယ် လျှပ်စစ်အင်ဂျင်နီယာများ၊ စက်မှု/လက်မှု လုပ်ငန်းရှင်များနှင့် စီးပွားရေး လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်၏ စီးပွားရေးကဏ္ဍ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်အောင် ဘက်စုံကဏ္ဍစုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ မိမိတို့ နိုင်ငံ၏ ပကတိအခြေအနေအရ စိုက်ပျိုးရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ (Agro – Based Industries) ကို အားပေးမြှင့်တင်ရန် ခိုင်မာသည့်မူဝါဒများ ချမှတ်၍ အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်လျက် ရှိကြောင်း၊ ထိုသို့ ကုန်ထုတ်လုပ်ငန်းများ အပြည့်အဝ လည်ပတ်နိုင်ရေးအတွက် အဓိက လိုအပ်သည့် အခြေခံ အဆောက်အအုံသည် လျှပ်စစ်ဓာတ်အား ဖြစ်သည့်အတွက် လိုအပ်သည့် လျှပ်စစ်ဓာတ်အားကို ပြည့်ဝစွာထုတ်လုပ်ပေးနိုင်ရန် မိမိတို့ ဝန်ကြီးဌာနအနေဖြင့် စွမ်းအင်အရင်းအမြစ်မျိုးစုံမှ ဓာတ်အားထုတ်လုပ်ပေးနိုင်ရေး အလေးထားစီမံဆောင်ရွက်လျက်ရှိကြောင်း၊ နည်းလမ်းပေါင်းစုံဖြင့် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ဖျက်ဆီးခံရသည့် ဓာတ်အားလိုင်းများနှင့် ခွဲရုံများကို အချိန်နှင့်တစ်ပြေးညီ ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသကဲ့သို့ LNG မှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းသည် ဈေးနှုန်း ကြီးမြင့်သော်လည်း လိုအပ်ချက်ကို ပြည့်မီစေရန်နှင့် ကုန်ထုတ်စွမ်းအား တိုးတက်စေရေး စက်မှုဇုန်များမှ အချိန်ပြည့်ထုတ်လုပ်နိုင်ရန် ရည်ရွယ်၍ အချိန်တိုအတွင်းရရှိမည့် LNG ဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ LNG ဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု ကုန်ကျစရိတ် မျှတစေရန်အတွက် စက်မှုနှင့် စီးပွားရေးလုပ်ငန်းများသို့ "စီးပွားရေးနှုန်းထား (Economic Rate)" တစ်ခုသတ်မှတ်ပြီး ယခုဖေဖော်ဝါရီလ အသုံးမှစ၍ ဓာတ်အားခနှုန်းထားသစ် ၉၀၀ ကျပ်ဖြင့် ကောက်ခံသွားမည်ဖြစ်သည့်အတွက် ဇန်နဝါရီလ အသုံးယူနစ်များကို မီတာဖတ်သူနှင့် သုံးစွဲသူ နှစ်ဖက်သဘောတူလက်မှတ်ရေးထိုးသွားရန် လိုအပ်ကြောင်း။

ဓာတ်အားခနှုန်းထား တိုးမြှင့်သွားသော်လည်း လုပ်ငန်းရှင်များအတွက် ခိုင်မာသောစွမ်းအင်အာမခံချက်ရှိသည့် ကုန်ထုတ်လုပ်မှုဝန်းကျင်ကောင်းတစ်ခုကို ဖန်တီးပေးခြင်းဖြစ်သဖြင့် စီးပွားရေးလုပ်ငန်းရှင်ကြီးများ အနေဖြင့် မိမိတို့လုပ်ငန်းများ အောင်မြင်စွာ တိုးချဲ့ ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း၊ ပြည်သူလူထု သုံးစွဲနေသော ဓာတ်အားခနှုန်းထားများအနေဖြင့် ယခင်နှုန်းထားအတိုင်း ပြောင်းလဲမှုမရှိကြောင်း၊ ယခင် စက်မှုလုပ်ငန်းများတွင် သုံးစွဲခဲ့သည့် ဓာတ်အားများကို ပြည်သူလူထုမှ ပိုမိုသုံးစွဲနိုင်မည်ဖြစ်သဖြင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် စက်မှုလုပ်ငန်းရှင်များက အားလုံးလက်တွဲ၍ ပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများက သက်ဆိုင်ရာလုပ်ငန်းကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြပြီး တိုင်းဒေသကြီး / ပြည်နယ်များမှ သယံဇာတရေးရာဝန်ကြီးများ၊ စက်မှုဇုန်များမှ တာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များက စက်မှုနှင့် စီးပွားရေးလုပ်ငန်းများသို့ သတ်မှတ်နှုန်းထားအသစ်ဖြင့် ဓာတ်အားခကောက်ခံ ဆောင်ရွက်မည့် အခြေအနေများနှင့် ဓာတ်အားခ တိုးမြှင့်ကောက်ခံမှုအပေါ် အားသာချက်/အားနည်းချက်များ၊ ဖြစ်ပေါ်လာသည့် အခက်အခဲများကို တင်ပြဆွေးနွေးကြသည်။

တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များအား ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။



**သတင်းစဉ်**

❐ *ကျောဖုံးမှ*

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာမြန်မာသံရုံးသို့ ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများကို ဖေဖော်ဝါရီ ၆ ရက် ယနေ့တွင် စတုတ္ထအသုတ်အဖြစ် ထပ်မံခေါ်ဆောင်ပေးရာ ယနေ့မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံသား ၅၉ ဦးကို တပ်မတော်လေယာဉ်ဖြင့် မြိတ်မြို့သို့ လည်းကောင်း၊ ညနေပိုင်းနှင့် ညပိုင်းတို့တွင် ထပ်မံ၍ မြန်မာနိုင်ငံသား ၂၀၈ ဦး ကို တပ်မတော်လေယာဉ်များဖြင့် ရန်ကုန်မြို့သို့လည်းကောင်း အသီးသီးပြန်လည်ခေါ်ဆောင်ရောက်ရှိခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာသံရုံးသို့ ရောက်ရှိနေသည့် မြန်မာနိုင်ငံသားအနက် ပထမအသုတ်အနေဖြင့် မြန်မာနိုင်ငံသား ၁၃၆ ဦးကို ဇန်နဝါရီ ၂၃ ရက်တွင် လည်းကောင်း၊ ဒုတိယအသုတ်အနေဖြင့် ၄၃၀ ကို ဇန်နဝါရီ ၂၅ ရက်တွင် လည်းကောင်း၊ တတိယအသုတ်အနေဖြင့် ၁၆၃ ဦးကို ဇန်နဝါရီ ၂၆ ရက်တွင် လည်းကောင်း၊ စတုတ္ထအသုတ်အဖြစ် မြန်မာနိုင်ငံသား ၂၆၇ ကို ယနေ့တွင်လည်းကောင်း မြန်မာ့လေကြောင်းလိုင်း(MAI)နှင့် တပ်မတော်လေယာဉ်များဖြင့် အသီးသီးပြန်လည်ခေါ်ဆောင်ရောက်ရှိခဲ့ရာ ယနေ့အထိ မြန်မာနိုင်ငံသား ၉၉၆ ဦး ပြန်လည်ရောက်ရှိခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ယနေ့တွင် မြိတ်မြို့သို့ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများအား ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများ၊ မြိတ် ခရိုင်/မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများက သွားရောက်တွေ့ဆုံ၍ စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်းနှင့် အဆိုပါအဖွဲ့များအား ညနေပိုင်းတွင် တပ်မတော်လေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ဆက်လက်ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

အလားတူ ရန်ကုန်မြို့သို့ ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများအား မင်္ဂလာဒုံ ခရိုင်/ မြို့နယ် တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက တွေ့ဆုံ၍ စားသောက်ဖွယ်ရာများ ပေးအပ်ပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က စီစဉ်ပေးသော မော်တော်ယာဉ်များဖြင့် ရန်ကုန်မြို့ရှိ စုရပ်နေရာသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကမ္ဘောဒီးယားနိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများအား သက်ဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းများ၊ လိုအပ်သည့်စစ်ဆေးမှုများ ဆောင်ရွက်ကာ လုပ်ထုံးလုပ်နည်းများနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❂ *ကျောဖုံးမှ*

နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့သည့် ပြိုင်ပွဲစုံ ငါးပွဲတွင် ရှုံးပွဲသုံးပွဲ ရှိလာပြီ ဖြစ်သည်။ အက်သလက်တီကိုမက်ဒရစ်အသင်းနှင့်အတူ ကိုယ်ပါဒယ်ရေးဖလားပြိုင်ပွဲသို့ ဘာစီလိုနာ၊ ဆိုစီဒက်နှင့် ဘီလ်ဘာအိုတို့ တက်ရောက်နိုင်ခဲ့သည်။ အက်သလက်တီကို မက်ဒရစ်နှင့် ဘက်တစ်အသင်းတို့သည် လာမည့်ဖေဖော်ဝါရီ ၉ ရက်တွင် ယှဉ်ပြိုင်ကစားမည့် လာလီဂါပွဲစဉ် (၂၃) တွင် ထပ်မံတွေ့ဆုံနေသည်။

**အောင်ဖော်**

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ကြမည့် နိုင်ငံ့သားကောင်းများ၏ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၉) သင်တန်းဆင်းပွဲများ ကျင်းပပြုလုပ်



နေပြည်တော် ဖေဖော်ဝါရီ ၆

**နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန်တာဝန်ရှိသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရန်အတွက် စိတ်အားထက်သန်စွာ လာရောက်စာရင်းပေးသွင်းကြသည့် လူငယ်များကို ပြည်သူ့စစ်မှုထမ်းသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ် (၁၉) သင်တန်းဆင်းပွဲအခမ်းအနားများကို ယနေ့တွင် တိုင်းစစ်ဌာနချုပ်များအလိုက် နယ်မြေခံသင်တန်းကျောင်းအသီးသီး၌ ကျင်းပပြုလုပ်ကြသည်။**

အဆိုပါ သင်တန်းဆင်းပွဲများကို သင်တန်းဆင်းစစ်ရေးပြ အစီအစဉ်အတိုင်း ဆောင်ရွက်ကြပြီး သင်တန်းသားများက နိုင်ငံတော်အလံကိုကိုင်၍ ကတိသစ္စာခံယူကြသည်။ ထို့နောက် သင်တန်းကျောင်းများအလိုက် သက်ဆိုင်ရာတာဝန်ရှိသူများက သင်တန်းဆင်း အမှာစကားများ အသီးသီးပြောကြားကြပြီး သင်တန်းဆင်းထူးချွန်ဆုရရှိသူများအား ဆုများအသီးသီးပေးအပ်ချီးမြှင့်ကြသည်။

သင်တန်းဆင်းပွဲ အခမ်းအနားများအပြီးတွင် သင်တန်းဆင်းပွဲများသို့ တက်ရောက်ကြသော တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သင်တန်းကျောင်းခန်းမများ၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၁၉) မှ သင်တန်းဆင်း နိုင်ငံ့သားကောင်းစစ်သည်များအား တွေ့ဆုံအမှာစကားပြောကြားပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးကြသည်။

အဆိုပါ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ် (၁၉) မှ သင်တန်းသားများကို ကြံ့ခိုင်ရေးဘာသာရပ်၊ စစ်ရေးပြဘာသာရပ်၊ စစ်နည်းဗျူဟာဘာသာရပ်စသည့်ဘာသာရပ်များနှင့် အထွေထွေဘာသာရပ်များကို အဆင့်ဆင့်လေ့ကျင့်သင်ကြား ပေးခဲ့ကြကြောင်း သိရသည်။

နိုင်ငံတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံသားများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ပေးလျက်ရှိပြီး နိုင်ငံသားများအနေဖြင့်လည်း နိုင်ငံ့တာဝန်များကို ထမ်းဆောင်ကြရမည်ဖြစ်သည်။ ယင်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရန် ဆန္ဒရှိကြသည့် နိုင်ငံ့သားကောင်းများသည် ပြည်သူ့စစ်မှုထမ်း သင်တန်းများ တက်ရောက်ကာ နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို ထမ်းဆောင်နေကြပြီဖြစ်သည်။

ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁၉)တွင် တက်ရောက်ခဲ့ရသည့် အတွေ့အကြုံများ၊ သင်တန်းမှရရှိခဲ့သည့် အလေ့အကျင့်ကောင်းများ၊ ယုံကြည်ချက်၊ ခံယူချက်များနှင့် သင်တန်းဆင်းပြီးနောက် မိမိတို့တာဝန်ကျရာ တပ်ရင်း၊ တပ်ဖွဲ့များ၌ ဆက်လက်တာဝန်ထမ်းဆောင်သွားမည့်အခြေအနေများနှင့်ပတ်သက်၍ သင်တန်းဆင်း နိုင်ငံ့သားကောင်းစစ်သည်များ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည် –







၁။ ကျွန်တော် ဒီသင်တန်းကို လာရောက် တက်ရောက်ရတဲ့ ရည်ရွယ်ချက်ကတော့ အရွယ်ကောင်းတုန်း တိုင်းပြည်နဲ့ လူမျိုးအတွက် ကာကွယ်ဖို့အတွက် ဒီသင်တန်းကို တက်ရောက်ရခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီနေ့ သင်တန်းဆင်းပြီဆိုတော့ တာဝန်ကျရာတပ်မှာ ဆရာတွေ သင်ပေးလိုက်တဲ့ စနစ်တကျ ဖွဲ့စည်းပုံတွေနဲ့ လက်တွေ့ရော စာတွေ့အကုန်လုံးကို ကျွန်တော်မှတ်သားထားပါတယ်။ အဲဒါတွေနဲ့ တိုင်းပြည်နဲ့ လူမျိုးအပေါ်၊ ပြည်သူအပေါ်ကို ကျွန်တော်တို့ ယုံကြည်လေးနက်စွာနဲ့ ကာကွယ်စောင့်ရှောက်သွားမှာ ဖြစ်ပါတယ်။

၂။ ကျွန်တော် လာရောက်တက်ရတဲ့ ရည်ရွယ်ချက်ကတော့ တိုင်းပြည်ကိုချစ်တဲ့ ပြည်သူတစ်ယောက်အနေနဲ့ရော၊ ပြီးတော့ ကျွန်တော် ကိုယ်တိုင်ကလည်း စစ်သားတစ်ယောက်ကို အားကျရတဲ့၊ စစ်သားဖြစ်ချင်တဲ့ သဘောမျိုးပါ။ ဒါကြောင့် လာရောက်တက်ရောက်ရခြင်း ဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော်တို့ သင်တန်းဆင်းပြီဆိုတော့ ကျွန်တော်တို့ ပျော်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ ပြောင်းရွှေ့မယ့် တပ်တွေကို ရောက်ပြီဆိုရင်လည်း ဒီကသင်ကြားပေးလိုက်တဲ့ အတတ်ပညာတွေကို အကောင်းဆုံးအသုံးချပြီးတော့ နှစ်နှစ်တာဝန်ကိုလည်း ပြီးဆုံးအောင် တာဝန်ထမ်းဆောင်ဖို့လည်း ရည်မှန်းချက်ရှိပါတယ်။ နောက်လာမယ့်ညီငယ်တွေကိုလည်း အရပ်သားဘဝကနေ စစ်သားဘဝကို ပြောင်းတာဆိုတော့ ဘယ်လိုပဲဖြစ်ဖြစ်ပါ လာရောက် သင်တန်းတက်ဖို့အတွက် တိုက်တွန်းလိုပါတယ်။ သာမန်အရပ်သား ဘဝမှာဆိုရင်တော့ နှစ်နှစ်အချိန်ကာလဆိုတာ ကြာရင်ကြာသွားဦးမယ်။ စစ်သားဘဝမှာတော့ ကိုယ့်တာဝန် နဲ့ ကိုယ်ကျေပွန်အောင် ထမ်းဆောင်ပါ။ နှစ်နှစ်ဆိုတဲ့ အချိန်ကာလလေးက ခဏလေးပါပဲ။

၃။ ဒီသင်တန်းမှာ သင်ကြားပေးတဲ့ ပညာတွေ အားလုံးကို ကိုယ်တတ်စွမ်းသရွေ့ နိုင်ငံတော်အတွက်အကျိုးပြုမယ်လို့ ရည်မှန်းထားပါတယ်။ သင်တန်းနဲ့ပတ်သက်ပြီး အရာအားလုံးကောင်းပါတယ်။ ဒီသင်တန်းကို တက်ရောက်ရတဲ့အတွက် အများကြီးဝမ်းသာပါတယ်။ ပြီးတော့ ဒီကစစ်ပညာရပ်ဆိုင်ရာ၊ စိတ်ဓာတ်ပိုင်းဆိုင်ရာ၊ ပြီးရင် ကိုယ်ခန္ဓာပိုင်းဆိုင်ရာ အရာအားလုံးကို နည်းပြတွေကအစ ဂရုတစိုက် သင်ပေးပါတယ်။ နောက်တက်မယ့် လူငယ်လေးတွေကိုလည်း လာတက်ပါလို့ ပြောကြားချင်ပါတယ်။

ထို့နောက် ညပိုင်းတွင်ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ် (၁၉) မှ နိုင်ငံ့သားကောင်းစစ်သည်များအား သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲများကို သင်တန်းကျောင်းအသီးသီး၌ ပြုလုပ်ပေးခဲ့ကြောင်း သတင်းရရှိသည်။



**သတင်းစဉ်**

❖ *ကျောဖုံးမှ*

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ကွန်ဟိန်းမြို့နယ် တာကော်ကျေးရွာအနီးတွင် စိုင်းထွန်းကျော် (ခ) စိုင်းပီး (၃၃) နှစ်၊ ရပ်ကွက်(၁) ကာလိမြို့နေသူ မောင်းနှင်လာသော TOYOTA HIACE မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရာဖွေရာ ယာဉ်ပေါ်မှ အက်တက်စီ ဆေးပြား ၉၅၀၀ (တစ်ပြားလျှင် ကျပ် ၃၀၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် သိန်း ၂၈၅၀)၊ အိုက်စ် နှစ်ကီလို (တစ်ကီလိုလျှင် ငွေကျပ်သိန်း ၁၄၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၂၈၀) နှင့် ကက်တမင်း ၇၀၀ ဂရမ် (တစ်ဂရမ်လျှင်ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၇၀) တို့ကို ဖမ်းဆီးရမိခဲ့သဖြင့် စိုင်းထွန်းကျော် (ခ) စိုင်းပီးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားသည်။

အလားတူ ဖေဖော်ဝါရီ ၄ ရက် ည ၇ နာရီခွဲတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ သာစည်မြို့နယ် ကျဲတပ်ဆုံကျေးရွာအနီးတွင် တောင်ကြီး–မန္တလေးပြေးဆွဲသည့် JINBEI အမျိုးအစား ခရီးသည်တင်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်လိုက်ပါလာသူ ခရီးသည် ဒေါ်နန်းချော (၇၄) နှစ်၊ ဆွာပင်ကျေးရွာ မတ္တရာမြို့နယ်နေသူထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၅၈၅၀၀ (တစ်ပြားလျှင် ငွေကျပ် ၁၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၈၇၇ ဒသမ ၅ သိန်း) ဖမ်းဆီးရမိသဖြင့် ဒေါ်နန်းချောအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားသည်။

ထို့ပြင် ဖေဖော်ဝါရီ ၅ ရက် နံနက် ၉ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ညောင်ရွှေမြို့နယ် တီလောစခန်းကြီးကျေးရွာအုပ်စု စိုက်ပျိုးရွာနေ အောင်ကျော်အေး(၃၂)နှစ်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ၎င်းလွယ်ထားသည့် လွယ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၆၀၀ (တစ်ပြားလျှင် ငွေကျပ် ၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၁၈ သိန်း) ဖမ်းဆီးရမိပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ ယင်းနေ့ နံနက် ၁၀ နာရီခွဲတွင် ညောင်ရွှေမြို့နယ် တောင်ပို့ကြီးကျေးရွာအနီးတွင် စိုင်းလင်းအောင် (၂၆) နှစ်၊ ကျားတွန်ကျေးရွာ ကျေးပေါခုံကျေးရွာအုပ်စု ညောင်ရွှေမြို့နယ်နေသူ မောင်းနှင်လာသော မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်းလွယ်ထားသော လွယ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၂၀) ဆက်လက်ဖမ်းဆီးရမိခဲ့သဖြင့် အောင်ကျော်အေးနှင့် စိုင်းလင်းအောင်တို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

## မြို့သစ်မြို့နယ်၌ ကျန်းမာရေးစောင့်ရှောက်မှု အခမဲ့ဆောင်ရွက်ပေး

**မြို့သစ် ဖေဖော်ဝါရီ ၆**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်တွင် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား ဖေဖော်ဝါရီ ၄ ရက်က မြို့နယ်ပြည်သူ့ဆေးရုံဝင်းအတွင်း သံဃာတော်များ ကုသဆောင်၌ ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ ကျော်မျိုးဇော်ဦးဆောင်၍ ကျန်းမာရေးဝန်ထမ်းများက ဆေးကုသရန် လာရောက်သည့် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား သွေးပေါင်ချိန်တိုင်းတာခြင်း၊ သွေးတိုး၊ နှလုံး၊ ဆီးချိုရောဂါများ စစ်ဆေးပေးခြင်းနှင့် လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးပြီး ဆေးဝါးများ အခမဲ့ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



အားကစားမြင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

## ဇန်နဝါရီလအတွင်း ဗီယက်နမ်နိုင်ငံသို့ နိုင်ငံတကာခရီးသွား နှစ်သန်းခွဲလာရောက်

ဟနွိုင်း ဖေဖော်ဝါရီ ၆

ဗီယက်နမ်နိုင်ငံသို့ ဇန်နဝါရီလအတွင်း နိုင်ငံတကာမှ ခရီးသည် ၂ ဒသမ ၅ သန်းခန့် လာရောက်လည်ပတ်ခဲ့ကြောင်း ဖေဖော်ဝါရီ ၆ ရက်က ထုတ်ပြန်သည့် တရားဝင်အချက်အလက်များအရ သိရသည်။


ဓာတ်ပုံ- Vietnam.VN

အဆိုပါ အရေအတွက်မှာ ယမန်နှစ် အလားတူကာလကနှင့် နှိုင်းယှဉ်ကြည့်ပါက ၁၈ ဒသမ ၅ ရာခိုင်နှုန်းတိုးလာကြောင်း အမျိုးသားစာရင်းအင်းရုံးက ထုတ်ပြန်ထားသည်။

ဗီယက်နမ်နိုင်ငံသို့ ဇန်နဝါရီလအတွင်း လာရောက်လည်ပတ်သူများအနက် လေကြောင်းဖြင့် လာရောက်လည်ပတ်သူ နှစ်သန်းခန့်ရှိရာ ၇၉ ဒသမ ၆ ရာခိုင်နှုန်းရှိကြောင်း၊ လာရောက်လည်ပတ်သူအများစုမှာ အာရှမှဖြစ်ပြီး ၁ ဒသမ ၈ သန်းကျော်ရှိကြောင်း အဆိုပါရုံးက ပြောကြားသည်။

ဆင်ဟွာ

## လုံခြုံရေးကိစ္စများနှင့် ဒေသတွင်းတင်းမာမှုများ အီရတ်နှင့် ပြင်သစ်တို့ ဆွေးနွေး

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၆

အီရတ်ဝန်ကြီးချုပ် မိုဟာမက်ရှီယာအယ်ဆူဒါနီသည် အလည်အပတ်ရောက်ရှိနေသည့် ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး Jean- Noel Barrot နှင့် ဖေဖော်ဝါရီ ၅ ရက်က တွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံဆက်ဆံရေးနှင့် ဒေသတွင်း လုံခြုံရေးတို့ကို ဆွေးနွေးခဲ့ကြသည်ဟု သိရသည်။

ပြင်သစ်နိုင်ငံနှင့် ဆက်ဆံရေးခိုင်မာမှုအတွက် ကတိကဝတ်ပြုကြောင်း အယ်ဆူဒါနီက အလေးအနက်ထားပြောကြားခဲ့သည်။ အထူးသဖြင့် စီးပွားရေးနယ်ပယ်တွင် ဆက်ဆံရေးခိုင်မာစေရန် ကတိကဝတ်ပြုကြောင်း ၎င်း၏ မီဒီယာရုံးက ထုတ်ပြန်သည့် ထုတ်ပြန်ချက်အရ သိရသည်။

ဆီးရီးယားအကျဉ်းထောင်များရှိ အိုင်အက်စ်အဖွဲ့ဝင်များကို လွှဲပြောင်းရာတွင် အပြည်ပြည်ဆိုင်ရာ အသိုင်းအဝိုင်းအစား အီရတ်နိုင်ငံသည် သိသာထင်ရှားသည့် တာဝန်များယူထားကြောင်း၊ အီရတ်နိုင်ငံအနေဖြင့် အပြည်ပြည်ဆိုင်ရာအသိုင်းအဝိုင်း၏ ထောက်ပံ့မှုကို လိုအပ်ကြောင်း အီရတ်ဝန်ကြီးချုပ်က ပြောသည်။

သက်ဆိုင်ရာနိုင်ငံများအနေဖြင့် ၎င်းတို့၏နိုင်ငံသားများကို ပြန်လည်လက်ခံခြင်းဖြင့် ၎င်းတို့၏ဝတ္တရားများကို ကျေပွန်ရမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ ပြင်သစ်နိုင်ငံသည် ဒေသတွင်းတည်ငြိမ်ရေးနှင့် အကြမ်းဖက်မှုနှိမ်နင်းရေးတို့တွင် အီရတ်နိုင်ငံနှင့်အတူ ပူးပေါင်းဆောင်ရွက်ရန် စိတ်အားထက်သန်ကြောင်း ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးက ပြောသည်။

ဒေသတွင်းလုံခြုံရေး ပံ့ပိုးကူညီမှုအဖြစ် အကျဉ်းသားများ လွှဲပြောင်းရာတွင် အီရတ်နိုင်ငံ၏အခန်းကဏ္ဍကို ချီးကျူးခဲ့ပြီး အကျဉ်းသားများနှင့်ပတ်သက်သည့်ကိစ္စရပ်များတွင် ပြင်သစ်နိုင်ငံက ပံ့ပိုးရန် အဆင်သင့်ရှိကြောင်း ဆက်လက်ပြောကြားခဲ့သည်။ အီရတ်နိုင်ငံသို့ မရောက်မီ ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးသည် ဆီးရီးယားနိုင်ငံသို့ သွားရောက်ခဲ့သည်။

ဆင်ဟွာ

## အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ကို လုပ်ကြံရန်ကြံစည်ခဲ့သည့် အမျိုးသားတစ်ဦးကို ထောင်ဒဏ်တစ်သက်တစ်ကျွန်းချမှတ်

ဝါရှင်တန် ဖေဖော်ဝါရီ ၆

၂၀၂၄ ခုနှစ် စက်တင်ဘာလက ဖလော်ရီဒါပြည်နယ် ဂေါက်ကွင်း၌ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ကိုလုပ်ကြံရန် ကြံစည်ခဲ့သည့် အမျိုးသားတစ်ဦးကို ဖေဖော်ဝါရီ ၄ ရက်က ထောင်ဒဏ်တစ်သက်တစ်ကျွန်း ချမှတ်ခဲ့သည်။

လွန်ခဲ့သည့် စက်တင်ဘာလတွင် ရိုင်ယန်ရှသ်ကို ခုံသမာဓိအဖွဲ့က သမ္မတလောင်းတစ်ဦးကို လုပ်ကြံသတ်ဖြတ်ရန် ကြိုးပမ်းခြင်းနှင့် အစိုးရအရာရှိတစ်ဦးကို လုပ်ကြံခြင်းအပါအဝင် စွဲချက်ငါးခုဖြင့် ပြစ်ဒဏ်ချမှတ်ခဲ့သည်။

အမေရိကန်ပြည်နယ် တရားသူကြီး အိုင်လင်းကန်နွန်သည် ဖလော်ရီဒါ တရားခွင်တွင် အဆိုပါအမိန့်ကို ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်သည်။

ထို့အပြင် လက်နက်ကိုင်ရာဇဝတ်မှုအတွက် နောက်ထပ်ခုနစ်နှစ် ပြစ်ဒဏ်ချမှတ်ခဲ့သည်။

ရှသ်သည် တရားရုံးတွင် လုပ်ကြံသတ်ဖြတ်ရန် ရည်ရွယ်ချက်မရှိကြောင်း ငြင်းဆိုခဲ့ပြီး ထရမ့်ကို ပစ်သတ်ခြင်းမျိုး မည်သည့်အခါမှ မပြုလုပ်ခဲ့သောကြောင့် ပြစ်မှုကျူးလွန်ခဲ့ခြင်း မရှိကြောင်း ငြင်းဆိုခဲ့သည်။

ရှသ်ကို ၂၀၂၄ ခုနှစ် စက်တင်ဘာ ၁၅ ရက်တွင် ဂေါက်ကွင်းအနီး၌ပင် ဖမ်းဆီးရမိခဲ့သည်။

ဆင်ဟွာ

## အိန္ဒိယနိုင်ငံက စီးကရက်နှင့်ဆေးရွက်ကြီး ထုတ်ကုန်များအပေါ် အခွန်တိုးမြှင့်ကောက်ခံ

နယူးဒေလီ ဖေဖော်ဝါရီ ၆

အိန္ဒိယနိုင်ငံတွင် ဖေဖော်ဝါရီလမှစတင်ကာ စီးကရက်နှင့် ဆေးရွက်ကြီးထုတ်ကုန်များအပေါ် အခြေခံ အခွန်ကောက်ခံနှုန်းထား ၂၈ ရာခိုင်နှုန်းမှ ၄၀ ရာခိုင်နှုန်းအထိ တိုးမြှင့်ကောက်ခံလိုက်ပြီဖြစ်သည်။

ဆေးရွက်ကြီးထုတ်လုပ်သူများနှင့် ဆက်စပ်ကဏ္ဍများတွင် လုပ်ကိုင်နေသူများက ထိုသို့အခွန်တိုးမြှင့်ကောက်ခံလိုက်သည့်အတွက် အလုပ်အကိုင်များဆုံးရှုံးပြီး ငွေတုအရောင်းအဝယ်လုပ်ခြင်းအပြင်၊ အခြားတရားမဝင်ကုန်သွယ်မှုများနှင့် မှောင်ခိုလုပ်ငန်းများ ကြီးထွားလာမည့်အရေး စိုးရိမ်လျက်ရှိသည်။

လွန်ခဲ့သောနှစ်က အိန္ဒိယကုန်ပစ္စည်းများအပေါ် အမေရိကန်၏ စည်းကြပ်ခွန်များ တိုးမြှင့်လာချိန်တွင် အစိုးရက ပြည်တွင်းစားသုံးမှုကို လှုံ့ဆော်ရန် အခွန်များ ဖြတ်တောက်ပေးခဲ့သည်။ ဆေးလိပ်အခွန်တိုးမြှင့်ခြင်းသည် အခြားအခွန်များ လျော့နည်းသွားစေရန် ရည်ရွယ်သည်။

စီးကရက်တစ်ဘူးလျှင် ရူပီး ၅၅ သို့မဟုတ် အများဆုံး ရူပီး ၆၀ အထိ မြင့်တက်လာခဲ့သည်။ စီးကရက်ဆိုင်ရှင်တစ်ဦးအနေဖြင့် အခွန်အမြောက်အမြားပေးဆောင်ရမည်ဖြစ်သည်။ အိန္ဒိယနိုင်ငံတွင် ဆေးလိပ်သောက်သုံးသူ သန်း ၂၅၀ ခန့်ရှိသည်။

အင်န်အိတ်ချ်ကေ

## ဂျပန်နိုင်ငံ၌ တုပ်ကွေးရောဂါဖြစ်ပွားမှု ပြန်လည်များပြားလာ

တိုကျို ဖေဖော်ဝါရီ ၆

ဂျပန်နိုင်ငံ၌ တုပ်ကွေးရောဂါဖြစ်ပွားမှုမှာ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်းက ကျဆင်းသွားပြီးနောက် ယခုအခါ သတိပေးမှုအဆင့်အထက် ကျော်လွန်လာကာ ကူးစက်မှု ပြန်လည်များပြားလာကြောင်း ကျန်းမာရေး၊ အလုပ်သမားနှင့် လူမှုဖူလုံရေးဝန်ကြီးဌာနက ဖေဖော်ဝါရီ ၆ ရက်တွင် ပြောသည်။

ပြီးခဲ့သည့် သီတင်းပတ်အတွင်း ဂျပန်နိုင်ငံတစ်ဝန်း တုပ်ကွေးရောဂါဖြစ်ပွားသူပေါင်း ၁၁၄,၂၈၁ ဦး ရှိသည်။ ဆေးရုံတစ်ခုတွင် ပျမ်းမျှအားဖြင့် တုပ်ကွေးလူနာ ၃၀ ဒသမ ၀၃ ခန့်ရှိပြီး အဆိုပါပမာဏသည် သတိပေးမှုအဆင့်ထက် ကျော်လွန်နေပြီဖြစ်သည်ဟု ဝန်ကြီးဌာန၏ ပြောကြားချက်အရ သိရသည်။


ဓာတ်ပုံ-Getty images

လွန်ခဲ့သည့် နှစ်ကုန်ပိုင်းမှစတင်၍ influenza B ဗိုင်းရပ်စ်ပျံ့နှံ့ခြင်းကြောင့် တုပ်ကွေးရောဂါကူးစက်မှု ပြန်လည်ခေါင်းထောင်လာခြင်းဖြစ်သည်ဟု ယူဆရသည်။

အစောပိုင်း ဖြစ်ပွားမှုမှာ H3N2 influenza A ဗိုင်းရပ်စ်၏ မျိုးရိုးဗီဇ အသစ်တစ်မျိုးဖြစ်သော Subclade K ကူးစက်မှုပင်ဖြစ်သည်။

ဆင်ဟွာ

## မွန်ဂိုလီးယားဗဟိုဘဏ်က ဇန်နဝါရီလအတွင်း ရွှေတန်ချိန် ၁ ဒသမ ၉ တန် ဝယ်ယူ

အူလန်ဘာတာ ဖေဖော်ဝါရီ ၆

မွန်ဂိုလီးယားနိုင်ငံဗဟိုဘဏ်သည် ၂၀၂၆ ခုနှစ် ဇန်နဝါရီလအတွင်း တရားဝင်အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များထံမှ ရွှေတန်ချိန် ၁ ဒသမ ၉ တန်ဝယ်ယူခဲ့ကြောင်း သိရသည်။ အဆိုပါအရေအတွက်မှာ ယမန်နှစ်ကထက် ၅၀ ဒသမ ၂ ရာခိုင်နှုန်း တိုးလာကြောင်း သိရသည်။

ဇန်နဝါရီလအတွင်း မွန်ဂိုလီးယားနိုင်ငံ၌ ပျမ်းမျှရွှေဝယ်ယူမှုဈေးနှုန်းမှာ တစ်ဂရမ်လျှင် အမေရိကန်ဒေါ်လာ ၁၅၁ ဒသမ ၃ ဒေါ်လာရှိကြောင်း အဆိုပါဘဏ်က ဖေဖော်ဝါရီ ၅ ရက် ထုတ်ပြန်ချက်တွင် ပြောကြားသည်။ မွန်ဂိုလီးယားနိုင်ငံ၏ နိုင်ငံခြားအရန်ငွေသည် ၂၀၂၅ ခုနှစ်ကုန်က အမေရိကန်ဒေါ်လာ ခုနစ်ဘီလီယံအထိ စံချိန်တင်မြင့်မားခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

## သီရိလင်္ကာနိုင်ငံ၌ ထောင်နှင့်ချီသည့် စာသင်ကျောင်းများတွင် ဆရာ ဆရာမ လိုအပ်မှုနှင့်ကြုံတွေ့နေရ

ကိုလံဘို ဖေဖော်ဝါရီ ၆

သီရိလင်္ကာနိုင်ငံရှိ စာသင်ကျောင်း ၃၀၀၀ ကျော်၌ တစ်ကျောင်းစီတွင် ကျောင်းဆရာ ဆရာမအင်အား ၁၀ ဦးအောက်ဖြင့်သာ လည်ပတ်နေရကြောင်း သန်းခေါင်စာရင်းနှင့် စာရင်းအင်းဌာန၏ ဖေဖော်ဝါရီ ၅ ရက် ထုတ်ပြန်ချက်အရ သိရသည်။

အမျိုးသားကျောင်းတစ်ကျောင်း အပါအဝင် စာသင်ကျောင်းပေါင်း ၃၁၂၆ ကျောင်းတွင် ၁၀ ဦး အောက်သာရှိသည့် ဆရာ ဆရာမ အင်အားဖြင့် လည်ပတ်နေရသည်။

ထို့ပြင် စာသင်ကျောင်းပေါင်း ၄၂၆၃ ကျောင်းတွင်မူ ဆရာ ဆရာမ အင်အားမှာ ၁၀ ဦးမှ ၂၅ ဦးကြားဖြင့် လည်ပတ်နေသည်။

ထို့ကြောင့် ကျောင်းအများစုမှာ လိုအပ်သည်ထက် နည်းပါးသည့် လူအင်အားဖြင့်သာ လည်ပတ်နေရကြောင်း ပြသလျက်ရှိသည်။ ကျောင်းအရွယ်အစားဆိုင်ရာကွာဟချက်များကိုလည်း အချက်အလက်များအရ ဖော်ပြနေသည်။

ကျောင်းသား ၅၀ အောက်ရှိသော စာသင်ကျောင်းပေါင်း ၁၅၇၆ ကျောင်းရှိသကဲ့သို့ ကျောင်းသား ၄၀၀၀ ကျော် လက်ခံသော ကျောင်းပေါင်း ၃၆ ကျောင်း ရှိသည်။

နိုင်ငံတစ်ဝန်း အစိုးရကျောင်းများတွင် တက်ရောက်ပညာသင်ကြားနေသည့် ကျောင်းသားပေါင်း ၃ ဒသမ ၈၂ သန်းခန့် ရှိသည်။

လက်ရှိ လစ်ဟာနေသော နေရာများတွင် ခန့်ထားရန်အတွက် ဘွဲ့ရများ လျှောက်လွှာတင်ကြရန် အစိုးရက ဖိတ်ခေါ်ထားသည်။

ဆင်ဟွာ

# နိုင်ငံ့အကျိုးပြု EV နည်းပညာရှင်များ အမှန်တကယ်ဖြစ်စေရေး စဉ်ဆက်မပြတ်ကြိုးပမ်းဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၆**

EV ပြုပြင်ထိန်းသိမ်းမှုသင်တန်း (၁/၂၀၂၆) ဆင်းပွဲကို ယနေ့မွန်းလွဲပိုင်းက အစိုးရစက်မှုလက်မှုသိပ္ပံ (အင်းစိန်)၌ Hybrid စနစ်ဖြင့်ကျင်းပရာ လျှပ်စစ်သုံးယာဉ်နှင့်ဆက်စပ်ပစ္စည်းများသုတေသနဖွံ့ဖြိုးရေးနှင့် နည်းပညာပြန့်ပွားရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် ဗွီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်သည်။




သင်တန်းဆင်းပွဲတွင် ဒုတိယဝန်ကြီးက "နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့" ဟူသော အမျိုးသားရေးဆောင်ပုဒ်နှင့်အညီ မီးခိုးငွေ့များထုတ်လွှတ်သည့် ယာဉ်များသုံးစွဲမှုအစား EV သုံးစွဲမှုမှတစ်ဆင့် ရုပ်ကြွင်းလောင်စာအပေါ် မှီခိုရမှုနှင့် စက်သုံးဆီအတွက် နိုင်ငံခြားငွေကုန်ကျစရိတ်များကို လျှော့ချနိုင်ရေး၊ လေထုနှင့် အသံညစ်ညမ်းမှုများ လျှော့ချနိုင်ကာ ကျန်းမာရေးကောင်းမွန်မှုအပါအဝင် အခြားဆုလာဘ်များကို ပြည်သူများ ရရှိခံစားနိုင်စေရေးအတွက် အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီက EV ကဏ္ဍဖွံ့ဖြိုးရေးအတွက် ၂၀၅၀ ပြည့်နှစ်အထိ လမ်းပြမြေပုံနှင့် မူဝါဒချမှတ်ကာ လုပ်ငန်းကော်မတီ ငါးခုတို့က ညွှန်ကြားချက်များအတိုင်း တက်ညီလက်ညီဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ယနေ့သင်တန်းဆင်းပွဲကို ရလဒ်အခြေခံကောင်းတစ်ခုအဖြစ် မှတ်ယူနိုင်ပါကြောင်း။

သင်တန်းဆင်းများသည် သင်တန်းတွင်လေ့ကျင့်တတ်မြောက်ပြီးဖြစ်သည့် EV ပြုပြင်ထိန်းသိမ်းရေးဆိုင်ရာ နည်းပညာများနှင့် ဘေးအန္တရာယ်ကင်းရှင်းစွာ သက်တမ်းပြည့်သုံးစွဲနိုင်ရေး၊ အသိပညာများကို သက်ဆိုင်ရာလုပ်ငန်းခွင်များတွင် အကျိုးရှိထိရောက်စွာ ပြန်လည်အသုံးချကြရန်၊ လုပ်ဖော်ကိုင်ဖက်များကို ပြန်လည်မျှဝေကြရန်အပြင် ပြည်သူများအပါအဝင် EV Stakeholders များ၏ လက်ဝယ်အရောက် ထိရောက်ကျယ်ပြန့်စွာ ဖြန့်ဝေပေးနိုင်ရေး အလေးထားဆောင်ရွက်သွားရန်၊ အပြိုင်အဆိုင်ဖြင့် ဖွံ့ဖြိုးမှုမြန်ဆန်လျက်ရှိသော EV နည်းပညာအရွေ့များအတိုင်း အမီလိုက်ပါနိုင်ရေးနှင့် နိုင်ငံ့အကျိုးပြု EV နည်းပညာရှင်များ အမှန်တကယ်ဖြစ်စေရေးအတွက် ကိုယ်စီကျွမ်းကျင်တတ်မြောက်ပြီးဖြစ်သည့် EV နည်းပညာများကို အခြေခံကာ စဉ်ဆက်မပြတ် လေ့လာလျက် ကြိုးပမ်းလေ့ကျင့်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း မှာကြားသည်။

ထို့နောက် အစိုးရစက်မှုလက်မှုသိပ္ပံ (အင်းစိန်) ကျောင်းအုပ်ကြီးက သင်တန်းဆင်းများထံ သင်တန်းဆင်းလက်မှတ်များပေးအပ်ရာ သင်တန်းဆင်းတစ်ဦးက သင်တန်းဆင်းများအားလုံးကိုယ်စား ကျေးဇူးတင်စကား ပြောကြားသည်။

သင်တန်းတွင် EV နည်းပညာဆိုင်ရာ လက်တွေ့လုပ်ငန်းများကို အဆင့်မြင့်သင်ထောက်ကူမော်ကျူးများဖြင့် ဇန်နဝါရီ ၁၉ ရက်မှ ဖေဖော်ဝါရီ ၆ ရက်အထိ သင်တန်းကာလ သုံးပတ်အတွင်း တစ်ပတ်လျှင် ငါးရက်၊ တစ်ရက်လျှင် ၆ နာရီနှုန်းဖြင့် ပို့ချခဲ့ခြင်းဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ EV ကုမ္ပဏီများနှင့် ကားဝပ်ရှော့များမှ သင်တန်းသား ၁၈ ဦးနှင့် ဌာနဆိုင်ရာ သင်တန်းသား ၇ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ပေါင်မြို့နယ်၌ (၇၉)နှစ်မြောက် မွန်အမျိုးသားနေ့(ဗဟို)အခမ်းအနားကျင်းပ

**ပေါင် ဖေဖော်ဝါရီ ၆**

ပေါင်မြို့နယ်၌ (၇၉)နှစ်မြောက် မွန်အမျိုးသားနေ့(ဗဟို)အခမ်းအနားကို ဇင်းကျိုက်မြို့ ဖလပ်ရပ်ကွက်တွင် ဖေဖော်ဝါရီ ၂ ရက်က ကျင်းပရာ (၇၉)နှစ်မြောက် မွန်အမျိုးသားနေ့အလံ လွှင့်ထူပြီး တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။

ထို့နောက် သဘာပတိဆရာတော် ဘဒ္ဒန္တစန္ဒောဘာသက အဖွင့်သြဝါဒကထာ မြွက်ကြားပြီး သဘာပတိ နိုင်မွန်စိန်အောင်က နှုတ်ခွန်းဆက်စကားပြောကြားသည်။ ယင်းနောက် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်ထံမှ ပေးပို့သော မွန်အမျိုးသားနေ့ သဝဏ်လွှာကို မွန်ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီး ဦးခင်မောင်ဦးက လည်းကောင်း၊ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းထံမှ ပေးပို့သော မွန်အမျိုးသားနေ့သဝဏ်လွှာကို မွန်ပြည်နယ်ဥပဒေချုပ် ဦးမြင့်အောင်က လည်းကောင်း၊ (၇၉) နှစ်မြောက်မွန်အမျိုးသား နေ့ကျင်းပရေးကော်မတီ (ဗဟို) ၏ မိန့်ခွန်းကို မွန်အမျိုးသားနေ့အခမ်းအနားကျင်းပရေးကော်မတီ(ဗဟို) ဥက္ကဋ္ဌ နိုင်မောင်အေးကလည်းကောင်း၊ တာဝန်ရှိသူတစ်ဦးက မွန်အမျိုးသားနေ့ဖြစ်ပေါ်လာပုံ သမိုင်း၊ မွန်အမျိုးသားနေ့ မြေစိုက်ပိုစတာပါ အကြောင်းအရာများနှင့် မွန်စာပေယဉ်ကျေးမှုဆိုင်ရာ အကြောင်းအရာများကိုလည်းကောင်း ရှင်းလင်းဖတ်ကြားခဲ့ကြသည်။

**မွန်မလေး(ပြန်/ဆက်)**



**မန္တလေးတိုင်းဒေသကြီး အမရပူရမြို့ မှန်တန်းရပ်ကွက်ရှိ နန်းတော်ရာ စံပြဈေး၌ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဖေဖော်ဝါရီ ၆ ရက်တွင် အမရပူရမြို့နယ် မီးသတ်ဦးစီးမှူး ဦးအောင်မျိုးထက်နှင့် သန္ဒေတပ်ဖွဲ့ဝင်များက ဈေးသူဈေးသားများအား လက်တွေ့မီးငြိမ်းသတ်မှု သရုပ်ပြစဉ်။** ဇော်ဘီ



## အတင်းအဓမ္မအကြမ်းဖက်၍ ငါးဖမ်းကျားဖောင်ပေါ်သို့ပို့ဆောင်ခဲ့ပြီး လုပ်အားခငွေများ ခေါင်းပုံဖြတ်ရယူသူကို လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော် ဖေဖော်ဝါရီ ၆**

အတင်းအဓမ္မအကြမ်းဖက်၍ ငါးဖမ်းကျားဖောင်ပေါ်သို့ပို့ဆောင်ခဲ့ပြီး လုပ်အားခငွေများ ခေါင်းပုံဖြတ်ရယူသူကို လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ် ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ရှိ ဒင်းဆမ်းဆိုင်တွင် အလုပ်လုပ်ကိုင်နေသော ဦး-----၊ ၃၉ နှစ်သည် ဖျာပုံမြို့နယ် နောက်မီးကျေးရွာအုပ်စု အရှေ့ဖျားကျေးရွာသို့ သွားရောက်ရန်ထွက်ခွာလာခဲ့ရာ ဖျာပုံမြို့သို့အရောက်တွင် ၁၇ ရပ်ကွက်ရှိ ကိုကဏန်း (ခ) လှစိုး ဖွင့်လှစ်ထားသည့်ဆိုင်တွင် ဘီယာသောက်စားပျော်ပါးခဲ့ရာ ကိုကဏန်း(ခ)လှစိုး၊ အောင်ပိုင်နှင့် မျိုးမင်းအောင်တို့က ဘီယာသောက်စားပျော်ပါးခအဖြစ် ငွေ ၁၅ သိန်းကျပ်ပေးရမည်။ မပေးနိုင်ပါက ငါးဖမ်းကျားဖောင်တွင် အလုပ်လုပ်ကိုင်ရမည်ဟုပြောဆိုရာ မလုပ်နိုင်ကြောင်း ငြင်းဆန်သဖြင့် ဝိုင်းဝန်းထိုးကြိတ်ပြီး ဖျာပုံမြို့နယ် ကျုံကဒွန်းကျေးရွာရှိ ငါးဖမ်းကျားဖောင်ပေါ်သို့ အဓမ္မပို့ဆောင်ခဲ့ကြောင်း သိရသည်။

ကျားဖောင်ပေါ်တွင် ၇ လခန့် ပင်ပန်းဆင်းရဲစွာ လုပ်ကိုင်ခဲ့ရပြီး ရေလုပ်ငန်းရာသီချိန်ပြီးဆုံး၍ ကမ်းပေါ်သို့ ပြန်လည်ရောက်ရှိချိန်တွင် ရေလုပ်ငန်းရှင်က လုပ်အားခများ ရှင်းပေးရာ ကိုကဏန်း(ခ)လှစိုး၊ အောင်ပိုင်နှင့် မျိုးမင်းအောင်တို့က ကြိုတင်ငွေဆယ်သိန်း ငါးသောင်းကျပ် ထုတ်ယူသွားခဲ့သဖြင့် ပိုငွေ တစ်သိန်းလေးသောင်းကျပ်သာပေးခဲ့ကြောင်း စိစစ်သိရှိရသဖြင့် အတင်းအဓမ္မအကြမ်းဖက်၍ ငါးဖမ်းကျားဖောင်ပေါ်သို့ ပို့ဆောင်ခဲ့ပြီး လုပ်အားခငွေများ ခေါင်းပုံဖြတ်ရယူသွားသော ကိုကဏန်း (ခ) လှစိုး၊ အောင်ပိုင်နှင့် မျိုးမင်းအောင်တို့ကို အမှတ်(၃)လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စိတ်(ဖျာပုံ)မှ တရားလိုပြုလုပ်တိုင်တန်းခဲ့ရာ ဖျာပုံမြို့မရဲစခန်း(ပ)၁၀၄/ ၂၀၂၅၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၆/၄၄ ဖြင့် အမှုရေးဖွင့်တရားစွဲတင်ခဲ့ပြီး ဖေဖော်ဝါရီ ၄ ရက်တွင်ဖျာပုံခရိုင်တရားရုံးမှ ဖမ်းမိတရားခံ ကိုကဏန်း (ခ) လှစိုး ကို လူကုန်ကူးမှုတားဆီး နှိမ်နင်းရေးဥပဒေပုဒ်မ ၃၈ (ခ) အရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး တိမ်းရှောင်တရားခံ အောင်ပိုင်နှင့် မျိုးမင်းအောင်တို့ကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၇/၈၈ အတည်ပြုထုတ်ဆင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## တိရစ္ဆာန်ဆေးကုဝန်ဆောင်မှုလုပ်ငန်း (အထွေထွေရောဂါကု၊ အထူးကု၊ ဆေးရုံ) များ ခွင့်ပြုလက်မှတ်ထုတ်ပေးခြင်းနှင့်ပတ်သက်၍ အသိပေးနှိုးဆော်ချက်

"တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်ခြင်း လုပ်ငန်းများနှင့်စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ရန် ညွှန်ကြားချက်" အား တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဥပဒေပုဒ်မ ၅၅ ပုဒ်မခွဲ (ဂ) အရ အတည်ပြုထုတ်ပြန်ပြီးဖြစ်ပါသဖြင့် နေပြည်တော်ကောင်စီနယ်မြေ/တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိရစ္ဆာန်ဆေးကုဝန်ဆောင်မှုလုပ်ငန်းများအတွက် တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်ခြင်းလုပ်ငန်း ခွင့်ပြုလက်မှတ် အသစ်လျှောက်ထားခြင်းနှင့် သက်တမ်းတိုးလျှောက်ထားခြင်းများအား လုပ်ငန်းစိစစ်ရေးအဖွဲ့မှ စိစစ်ပြီး ဗဟိုကြီးကြပ်မှုကော်မတီမှ အတည်ပြု၍ ခွင့်ပြုလက်မှတ်ထုတ်ပေးနိုင်ရေးကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိပါသည်။

တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်ခြင်းလုပ်ငန်းနှင့် သက်ဆိုင်သောလုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်လိုသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် တိရစ္ဆာန်ကျန်းမာရေး စောင့်ရှောက်ခြင်းလုပ်ငန်း ခွင့်ပြုလက်မှတ်ရရှိရန် သက်ဆိုင်ရာမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှုးထံသတ်မှတ်ထားသောလျှောက်လွှာပုံစံဖြင့် အောက်ပါအထောက်အထားများ ပူးတွဲ လျှောက်ထားရမည်-

(က) လျှောက်ထားသူ၏ ၆ လအတွင်း ရိုက်ကူးထားသော (၂လက်မ x လက်မခွဲအရွယ် ရောင်စုံဓာတ်ပုံ)၊
(ခ) လုပ်ငန်းတည်ရှိရာလိပ်စာနှင့် အဆောက်အအုံနှင့် မြေနေရာ အခင်းအကျင်း အတိုင်းအတာ၊ အကျယ်အဝန်း၊
(ဂ) အဆောက်အအုံရှေ့၊ နံဘေးနှင့် အတွင်းခန်းအားလုံး၏ ရောင်စုံဓာတ်ပုံ၊
(ဃ) ကြီးကြပ်ဆောင်ရွက်မည့်သူစာရင်းနှင့် ယင်းတို့၏ ကိုယ်ရေးအချက်အလက် အပြည့်အစုံ၊ ပညာအရည်အချင်းအထောက်အထား၊
(င) ဝန်ထမ်းစာရင်းနှင့် ယင်းတို့၏ ကိုယ်ရေးအချက်အလက် အပြည့်အစုံ၊ ပညာအရည်အချင်းအထောက်အထား၊
(စ) မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက လုပ်ငန်းအမျိုးအစားအလိုက် တောင်းခံသည့် အခြားစာရွက်စာတမ်းအထောက်အထားများ၊
(ဆ) မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက အခါအားလျော်စွာ ထုတ်ပြန်သည့် ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များနှင့် ပြည်သူ့ကျန်းမာရေးဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများတွင် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း ကတိဝန်ခံချက်။

နေပြည်တော်ကောင်စီနယ်မြေ/တိုင်းဒေသကြီးနှင့် ပြည်နယ်အတွင်းရှိ ခွင့်ပြုလက်မှတ်မရှိဘဲ တိရစ္ဆာန်ဆေးကု ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နေသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် မိမိတို့သက်ဆိုင်ရာ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ (၁၅-၂-၂၀၂၆)ရက်နေ့ နောက်ဆုံးထားပြီး လျှောက်ထားကြပါရန်နှင့် ခွင့်ပြုလက်မှတ် လျှောက်ထားခြင်းမရှိဘဲ ဖွင့်လှစ်ထားသည်ကို စစ်ဆေးတွေ့ရှိပါက မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနမှ ထုတ်ပြန်ထားသော တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုး တိုးတက်ရေးဥပဒေပုဒ်မ ၄၂ အပိုဒ် (ခ) အရ တရားစွဲဆို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်လိုက်သည်။

**မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန**

# ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ ရူပဗေဒဘာသာရပ် သိကောင်းစရာ

ဒေါက်တာယဉ်မောင်မောင် ပါမောက္ခ (ဌာနမှူး)ရူပဗေဒဌာန

အထက်တန်းပညာရေး၏ အဆင့်မြင့်အဆင့်ဖြစ်သော ၁၂ တန်း ရူပဗေဒသင်ရိုးသည် သိပ္ပံဘာသာရပ်ကို ရွေးချယ်ထားသည့် ကျောင်းသားများအတွက် အလွန်အရေးကြီးသော အခြေခံအုတ်မြစ် တစ်ခုပင်ဖြစ်သည်။ ဤသင်ရိုးတွင် စုစုပေါင်း သင်ခန်းစာ ၁၃ ခု ပါဝင်ပြီး ၎င်းတို့ကို အဓိကအပိုင်းကြီး ၄ ပိုင်း ခွဲခြားထားပါသည်။

ပထမအပိုင်းသည် Mechanics အပိုင်း ဖြစ်သည်။ Chapter 1 သည် မျဉ်းဖြောင့်ရွေ့လျားမှုကို လေ့လာခြင်းမှတစ်ဆင့် စက်ဝိုင်းပတ် ရွေ့လျားမှု (Rotational Motion) အကြောင်းကို ဆက်လက် လေ့လာခြင်းဖြစ်သည်။ Centripetal acceleration ၏ သဘော တရားကို ကောင်းစွာနားလည်ရန်လိုအပ်ပြီး ၎င်းသည် အမြဲတမ်း ဗဟိုချက်ဆီသို့ ဦးတည်နေကြောင်း သိရှိရမည်။ Chapter 2 တွင် ဤအရှိန်ကို ဖြစ်ပေါ်စေသောအားကို ဆက်လက်လေ့လာသည်။ ဗဟိုချက်ဆွဲအား (centripetal force) သည် သီးသန့်အားတစ်ခု မဟုတ်ဘဲ တင်းအား (tension) သို့မဟုတ် ပွတ်တိုက်အား (friction) ကဲ့သို့သော အားများ၏ ဗဟိုချက်ဆီသို့ ညွှန်းသောရလဒ်အား စုတစ်ခုသာဖြစ်သည်။ ဗဟိုခွာအား (centrifugal force) ဆိုသည် မှာ ရွေ့လျားမှုဘောင်အတွင်းမှ ခံစားရသော ဒြပ်ဆွဲအားသာဖြစ်ပြီး pseudo-force ဖြစ်ပြီး inertial frame တွင် အမှန်တကယ်ရှိသော အား မဟုတ်ပေ။ Chapter 3 သည် အရည်များ၏ စီးဆင်းမှုသဘော တရားကို လေ့လာခြင်းဖြစ်သည်။ ဤတွင် streamline flow နှင့် turbulent flow ကဲ့သို့သော စီးဆင်းမှုပုံစံများကို လေ့လာရသည်။ Equation of Continuity တွင် အရည်သည် ကျဉ်းမြောင်းသော နေရာသို့ရောက်လျှင် အလျင်မြင့်တက်လာပုံကို ရှင်းပြပြီး Bernoulli's Equation သည် အရည်၏ဖိအား၊ အလျင်နှင့် အမြင့်တို့ကြား ဆက်နွှယ်မှုကို ဖော်ပြသည်။ အရည်၏ စေးကပ်မှု (viscosity) ကို လည်း လေ့လာရသည်။

ဒုတိယအပိုင်းသည် Energy အပိုင်းဖြစ်ပြီး စွမ်းအင်၊ လှိုင်းများ နှင့် အလင်းပညာ (Energy, Waves & Optics) များကို ဖော်ပြထား သည်။ Chapter 4 သည် စွမ်းအင်အရင်းအမြစ်များနှင့် ပတ်ဝန်းကျင် အပေါ် သက်ရောက်မှုများကို လေ့လာသည်။ ဤအခန်းတွင် ပြန်လည် ပြည့်ဖြိုးမြဲစွမ်းအင် (renewable energy) နှင့် ပြန်လည်မပြည့်ဖြိုး နိုင်သော စွမ်းအင်အရင်းအမြစ်များ (non-renewable energy sources)၏ ကွာခြားချက်များကို သိရှိရန်နှင့် ၎င်းတို့၏ ပတ်ဝန်းကျင် ဆိုင်ရာ သက်ရောက်မှုများကို နားလည်ရန် အရေးကြီးသည်။ Chapter 5 ဖြစ်သော Heat Transfer of Thermodynamics တွင် အပူ ကူးပြောင်းနည်းသုံးမျိုးဖြစ်သည့် အပူလျှောက်ကူးခြင်း (conduction)၊ အပူစီးကူးခြင်း (convection)နှင့် အပူရောင်ခြည် ဖြာထွက် ခြင်း (radiation) တို့ကို လေ့လာရသည်။ Thermodynamics ၏ ပထမနိယာမ (First Law) သည် စွမ်းအင်တည်မြဲမှုနိယာမကို အပူနှင့် အလုပ်တွင် အသုံးချထားခြင်းဖြစ်သည်။

Chapter 6 တွင် အသံ၏ ဂုဏ်သတ္တိများနှင့် သက်ရောက်မှုများ ကို ဆက်လက်လေ့လာသည်။ အသံဖြတ်သန်းရန်အတွက် ကြားခံနယ် လိုအပ်ကြောင်း၊ ပဲ့တင်သံ (echo) ၏ အသုံးဝင်ပုံနှင့် Doppler Effect ၏ သဘောတရားတို့ကို နားလည်ရန်လိုအပ်သည်။ Chapter 7 နှင့် 8 သည် အလင်းပညာနှင့်သက်ဆိုင်သော အခန်းများဖြစ်သည်။ Chapter 7 တွင် အလင်းကိရိယာများဖြစ်သော မျက်လုံး၊ အဏုကြည့် မှန်ပြောင်း၊ အဝေးကြည့်မှန်ပြောင်းတို့၏ အလုပ်လုပ်ပုံနှင့် Laser၊ Fibre Optics စသည့် နည်းပညာများကို လေ့လာရသည်။ Chapter 8 တွင် အလင်း၏ လှိုင်းသဘာဝကြောင့်ဖြစ်ပေါ်သော diffraction နှင့် interference ကဲ့သို့သော ဖြစ်စဉ်များကို နက်ရှိုင်းစွာ လေ့လာ ရသည်။

တတိယအပိုင်းသည် Electricity & Magnetism အပိုင်း ဖြစ်သည်။Chapter 9 နှင့် 10 တွင် လျှပ်စစ်အခြေခံကို လေ့လာနိုင် သည်။ Chapter 9 တွင် capacitor များ၏ အလုပ်လုပ်ပုံနှင့် ၎င်း၏ capacitance တွက်ချက်နည်းများကို သင်ယူရသည်။ Chapter 10 တွင် emf နှင့် voltage ကွာခြားချက်၊ လျှပ်စစ်ပါဝါ တွက်ချက်နည်း နှင့် Joule's law အပါအဝင် လျှပ်စစ်နှင့်ပတ်သက်သော အခြေခံမှု များကို လေ့လာရသည်။ Chapter 11 ဖြစ်သော လျှပ်စစ်သံလိုက် ညို့ယူခြင်း (Electromagnetic Induction)သည် ခေတ်သစ်လျှပ်စစ် ဓာတ်အားစနစ်၏ အခြေခံဖြစ်သည်။ ဤအခန်းတွင် Faraday's law နှင့် Lenz's law တို့ကို နားလည်ရန်နှင့် generator နှင့် transformer တို့၏ အလုပ်လုပ်ပုံကို သိရှိရန် အရေးကြီးသည်။ လျှပ်စစ်ဓာတ်အား ပို့လွှတ်ခြင်းနှင့် domestic wiring အခြေခံများကိုလည်း ဤအခန်း တွင် လေ့လာရသည်။

Modern Physics တွင် Chapter 12 နှင့် Chapter 13 (၂) ခန်း ပါဝင်သည်။

Chapter 12 သည် ဒစ်ဂျစ်တယ်အီလက်ထရွန်းနစ် (Digital Electronics) နှင့် သက်ဆိုင်သော အခန်းဖြစ်သည်။ Analog နှင့် digital signals များ၏ ကွာခြားပုံနှင့် AND, OR, NOT, NAND, NOR အစရှိသော logic gate များ၏ အလုပ်လုပ်ပုံကို နားလည်ရန် လိုအပ် သည်။ Boolean Algebra ကို အသုံးပြု၍ logic circuits များကို ရိုးရှင်းအောင် ပြုလုပ်နည်းကိုလည်း မိတ်ဆက်ပေးသည်။

Digital Electronics and Communication Systems ဘာသာ ရပ်သည် ခေတ်သစ်နည်းပညာ ကမ္ဘာ၏အခြေခံအဆောက်အအုံပင် ဖြစ်ပါသည်။ ရူပဗေဒဘာသာရပ်၏ ဤဘာသာရပ်ခွဲသည် transistor နှင့် microchip ကဲ့သို့သော အစိတ်အပိုင်းများကို အသုံးပြုပြီး circuit များ ရေးဆွဲခြင်း၊ electronics ပစ္စည်းများကိုအသုံးပြု၍ သတင်း အချက်အလက်များ ကိုင်တွယ်ခြင်း၊ တစ်ခုနှင့်တစ်ခု ဆက်သွယ် ခြင်းတို့ကို လေ့လာပါသည်။

Electronic System ထဲမှ အဓိကအစိတ်အပိုင်းများကို active components နဲ့ passive components ဟူ၍ နှစ်မျိုးခွဲထားပါ သည်။ Active components ဆိုသည်မှာ အလုပ်လုပ်ရန်အတွက် ပါဝါအရင်းအမြစ် လိုအပ်သောအရာများဖြစ်ပြီး၊ passive components တွင် မလိုအပ်ပေ။

Zener Diode သည် ပုံမှန် diode များနှင့် မတူညီပါ။ ၎င်းသည် လျှပ်စီးကြောင်းကို ရှေ့ဘက်သို့သာမက reverse voltage ကို ကျော်လွန်သောအခါတွင် နောက်ဘက်သို့ပါ စီးဆင်းစေနိုင်ပါသည်။ ထိုသို့ စီးဆင်းရန်အတွက် သတ်မှတ်ထားသော reverse voltage (ပြောင်းပြန်ဗို့အား) သက်ရောက်မှုရှိရပါမည်။ ဤဂုဏ်သတ္တိကြောင့် Zener Diode သည် circuit တစ်ခုထဲတွင် ဗို့အားကို မပြောင်းလဲဘဲ ထိန်းထားပေးရန် (voltage regulation) နှင့် ပါဝါမြင့်တက်မှုများမှ ကာကွယ်ရန်အတွက် အသုံးဝင်ပါသည်။

Light Emitting Diode (LED) ဆိုသည်မှာ လျှပ်စီးကြောင်း ဖြတ်သန်းသည့်အခါ အလင်းထုတ်ပေးသော semiconductor ပစ္စည်း တစ်မျိုး ဖြစ်ပါသည်။ ပါဝါသုံးစွဲမှုနည်းခြင်း၊ သက်တမ်းရှည်ခြင်း၊ အရွယ်အစားသေးငယ်ခြင်း အစရှိသည့် အားသာချက်များကြောင့် LED များကို indicator အဖြစ်သာမက display များတွင်ပါ နေရာအနှံ့ အသုံးပြုနေကြပြီ ဖြစ်ပါသည်။

Photodiode သည် Light Emitting Diode နှင့် ဆန့်ကျင်ဘက် အလုပ်လုပ်သော ပစ္စည်းတစ်မျိုး ဖြစ်ပါသည်။ ၎င်းကို အလင်း ကျရောက်သည့်အခါ လျှပ်စစ်စီးကြောင်းထုတ်ပေးပါသည်။ ထို့ကြောင့် CD player များ၊ TV remote control ကဲ့သို့သော ကိရိယာများတွင် အလင်းအာရုံခံကိရိယာ (sensor)အဖြစ် အသုံးပြုကြပါသည်။

ဤ အထူးdiode များအပြင် အခြားသော အာရုံခံကိရိယာများ သည်လည်း အရေးပါသော အခန်းကဏ္ဍတွင် ပါဝင်ပါသည်။ Light Dependent Resistor (LDR) ဟူသည် ၎င်းအပေါ်ကျရောက်သော အလင်းပြင်းအား များလာသည်နှင့်အမျှ ၎င်း၏ လျှပ်စစ်ခုခံမှု (resistance) ကျဆင်းသွားသော အစိတ်အပိုင်းပင်ဖြစ်ပါသည်။ ထိုဂုဏ်သတ္တိသည် ညအချိန်တွင် အလိုအလျောက်လင်းသည့် လမ်းမီး များ၊ ခိုးသူသတိပေးစနစ် (burglar alarm) များတွင် အလွန်အသုံး တည့်ပါသည်။

Thermistor သည် အပူချိန်ပြောင်းလဲမှုကို ခုခံမှုပြောင်းလဲမှုအဖြစ် တိုင်းတာပေးသော အာရုံခံကိရိယာတစ်မျိုးဖြစ်ပါသည်။ Negative Temperature Coefficient (NTC) thermistor ဟုခေါ်သော အမျိုး အစားသည် အပူချိန်မြင့်တက်လာသည်နှင့်အမျှ ၎င်း၏ ခုခံမှု ကျဆင်းသွားပါသည်။ ထို့ကြောင့် ၎င်းကို အပူချိန်တိုင်းတာရန်နှင့် ထိန်းချုပ်ရန်အတွက် အသုံးပြုကြပါသည်။

ခေတ်သစ်ပစ္စည်းများထဲတွင် သတင်းအချက်အလက်များ ကိုင်တွယ်ခြင်းကို digital electronics မှ လုပ်ဆောင်ပေးပါသည်။ ဤစနစ်၏ အခြေခံအုတ်မြစ်မှာ logic gate များပင် ဖြစ်ပါသည်။ Logic gate များသည် binary input (0 & 1) တို့ပေါ်တွင် မူတည်ပြီး ဆုံးဖြတ်ချက်ချသော အခြေခံအဆောက်အအုံများဖြစ်ပါသည်။ AND, OR, NOT gate များသည် အခြေခံအကျဆုံးသော logic gate များပင် ဖြစ်ပါသည်။ Logic gate များကို ပေါင်းစပ်အသုံးပြုခြင်းဖြင့် computer နှင့် smartphone များ၏ လုပ်ဆောင်ချက်အားလုံးကို လုပ်ဆောင်နိုင်သည့် ရှုပ်ထွေးသော circuit များအား တည်ဆောက် နိုင်ပါသည်။

Electronics ပစ္စည်းများအချင်းချင်း သတင်းအချက်အလက် ဖလှယ်ရန်အတွက် communication system များ လိုအပ်ပါသည်။ အခြေခံ electronic communication system တစ်ခုတွင် သတင်း အချက်အလက်ကို ပြင်ဆင်ပေးသည့် transmitter၊ သယ်ဆောင် ပေးသည့် channel နှင့် ဘာသာပြန်ပေးသည့် receiver ဟူ၍ ပါဝင် ပါသည်။ အသံကဲ့သို့သော သတင်းအချက်အလက်ကို အဝေးသို့ ပို့ဆောင်နိုင်ရန်အတွက် modulation လုပ်ငန်းစဉ်ကို အသုံးပြု ကြပါသည်။

Amplitude Modulation (AM) တွင် သယ်ယူသွားမည့် radio wave (ကြိမ်နှုန်းမြင့် လျှပ်စစ်သံလိုက်လှိုင်း) ၏ amplitude (ပြင်းအား) ကို ပို့ချင်သည့် အသံလှိုင်းအတိုင်း ပြောင်းလဲပေးလိုက်ပါသည်။ Frequency Modulation (FM) ၌ radio wave ၏ frequency (ကြိမ်နှုန်း) ကို ပြောင်းလဲပေးပါသည်။ FM သည် AM ထက် အသံ အရည်အသွေးပိုကောင်းပြီး အနှောင့်အယှက်ဒဏ် ပိုခံနိုင်စွမ်းရှိပါ သည်။

အချက်အလက်ကို လက်ခံရာတွင် demodulation လုပ်ငန်းစဉ် နှင့် modulated လှိုင်းမှ မူလအသံလှိုင်းကို ပြန်လည်ထုတ်ယူပြီး speaker မှတစ်ဆင့် ပြန်လည် အသံထွက်ပေးပါသည်။

ဤအခြေခံမှုများအား နားလည်ခြင်းသည် မိုဘိုင်းဖုန်းများ၊ အင်တာနက်နှင့် ကမ္ဘာ့အသံလွှင့် စနစ်များအပါအဝင် နည်းပညာကို ကောင်းစွာအသုံးချနိုင်ရန်နှင့် နားလည်စေရန် ပြတင်းပေါက်တစ်ခု ဖွင့်ပေးလိုက်သကဲ့သို့ပင်ဖြစ်ပါသည်။

နောက်ဆုံးအခန်းဖြစ်သည့် Chapter 13 သည် ခေတ်သစ်ရူပဗေဒ (Modern Physics) အကြောင်းကို မိတ်ဆက်ပေးခြင်းဖြစ်သည်။ Modern Physics တွင် Radioactivity, Nuclear Energy နှင့် Special Relativity ဟူ၍ အဓိက သုံးပိုင်းရှိပါသည်။

Radioactivity ဆိုသည်မှာ atom တစ်လုံး၏ nucleus မှ alpha particles, beta particles နှင့် gamma rays ဟူသည့် စွမ်းအင်မြင့် radiation (၃)မျိုး ထုတ်လွှတ်သောဖြစ်စဉ် ဖြစ်ပါသည်။ Alpha particles မှာ ionizing အများဆုံးဖြစ်ပြီး စက္ကူထူထူနှင့်တား၍ ရပါ သည်။ Beta particles မှာ Alpha particles ထက် ionizing ပိုနည်း ပြီး ပါးလွှာသော အလူမီနီယံချပ်နှင့်တား၍ ရပါသည်။ Gamma rays သည် ionizing အနည်းဆုံးဖြစ်ပြီး ထိုးဖောက်နိုင်စွမ်းအများဆုံး ဖြစ်သောကြောင့် ခဲထူထူနှင့်ပင်လျှင် အပြီးတိုင်မတားနိုင်ပေ။ Radioactive ပစ္စည်းတစ်ခု၏ half-life ဆိုသည်မှာ ၎င်းတွင်ရှိသော atom များ ထက်ဝက်ယိုယွင်းပျက်စီးရန် ကြာသည့်အချိန်ကို ခေါ်ပါ သည်။ Radioisotopes များကို ဆေးပညာတွင် ရောဂါရှာဖွေကုသရန်၊ စက်မှုလုပ်ငန်းများတွင် ချွတ်ယွင်းချက်ရှာဖွေရန်နှင့် ရှေးဟောင်း ပစ္စည်းများ၏ သက်တမ်းကို တွက်ချက်ရန် အသုံးပြုကြပါသည်။

Nuclear Energy သည် atom ၏ nucleus ကွဲထွက်မှုမှ ထွက်ပေါ် လာသည့်စွမ်းအင် ဖြစ်ပါသည်။ Uranium-235 ကဲ့သို့ heavy nucleus ကို neutron နှင့် ထိမှန်လျှင် ၎င်းသည် fission ဖြစ်ပြီး နှစ်ပိုင်းကွဲ သွားကာ ကြီးမားသည့်စွမ်းအင် ထွက်လာပါသည်။ ဤဖြစ်စဉ်မှ neutron အသစ်များလည်း ထွက်လာပြီး အခြား nucleus များကို ဆက်တိုက်ကွဲစေခြင်းဖြင့် chain reaction ဖြစ်လာပါသည်။ Nuclear reactor ထဲတွင် ဤ chain reaction ကို ထိန်းချုပ်ပြီး လျှပ်စစ် ဓာတ်အားထုတ်ယူကြပါသည်။

Wave-Particle Duality ဆိုသော အယူအဆသည် light တွင် wave သဘောသာမက particle သဘောပါ တစ်ချိန်တည်းရှိသည် ဟု ဆိုလိုခြင်းဖြစ်ပါသည်။ Light of particle ကို photon ဟု ခေါ်ပါ သည်။ Louis de Broglie က ဤအယူအဆကို ချဲ့ထွင်ပြီး ရွေ့လျား နေသည့် matter (ဥပမာ-electron) တွင်လည်း wave သဘော ရှိသည်ဟု အဆိုပြုခဲ့ပါသည်။ ထိုသို့သော wavelength ကို de Broglie wavelength ဟုခေါ်ပါသည်။ Electron ကဲ့သို့ သေးငယ်သော particle များအတွက် ဤ wavelength ကို တိုင်းတာ၍ရသော်လည်း ဘတ်စကက်ဘောကဲ့သို့ ကြီးမားသည့်အရာများအတွက် သတိထား မိရန် မလွယ်ကူချေ။

Einstein's Special Theory of Relativity ၏ အဓိကအချက် နှစ်ချက်မှာ-

၁။ ရူပဗေဒသဘောတရားအားလုံးသည် inertial frame of reference အားလုံးတွင် အတူတူပင် ဖြစ်သည်။

၂။ Speed of light သည် vacuum ထဲတွင် အတူတူပင်ဖြစ်ပြီး speed of source သို့မဟုတ် observer ပေါ်တွင် မှီခိုခြင်းမရှိပေ။

ဤသင်ရိုးသည် စာမေးပွဲအတွက်သာမက အနာဂတ်ဘဝတွင် လည်း သိပ္ပံနှင့်နည်းပညာကို နားလည်အသုံးချနိုင်ရန်အတွက်ပါ အထောက်အကူပြုမည့် အခြေခံအုတ်မြစ်ကောင်းတစ်ခု ဖြစ်သည်။ သဘောတရားတိုင်းကို နက်ရှိုင်းစွာနားလည်ရန် ကြိုးစားပါက ရူပဗေဒ ဘာသာရပ်သည် ပိုမိုစိတ်ဝင်စားစရာ ကောင်းလာမည် ဖြစ်ပါသည်။

အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၏ စီစဉ်မှုဖြင့်

MSME

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲ နှင့်
ဈေးရောင်းပွဲတော်
၈.၂.၂၀၂၆ မှ ၁၃.၂.၂၀၂၆ အထိ
နေပြည်တော်ရင်ပြင်

နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့
နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့
နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့

ဝန်ကြီးဌာန၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ပြခန်းများ၊ အသင်းအဖွဲ့များနှင့် ပြည်တွင်းပြည်ပ ကုမ္ပဏီပြခန်းများ၊ တိုင်းရင်းသားရိုးရာအစားအစာဆိုင်များ အပါအဝင် ပြခန်းပေါင်း (၁၀၀)ကျော်နှင့် ဖျော်ဖြေရေးအစီအစဉ်များဖြင့် ခင်းကျင်းပြသရောင်းချသွားမည်။

## အာဖရိကဝက်အပြင်းဖျားရောဂါကြိုတင်ကာကွယ်ရေးအသိပေးနှိုးဆော်ချက်

အာဖရိကဝက်အပြင်းဖျားရောဂါသည် ဝက်များတွင် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားတတ်သော ကူးစက်မြန်ရောဂါတစ်ခုဖြစ်သည်။ အာဖရိကဝက်အပြင်းဖျားရောဂါသည် လူသို့ လုံးဝ (လုံးဝ)ကူးစက်ခြင်းမရှိပါ။ မိမိတို့မွေးမြူထားသောဝက်များကို အဆိုပါရောဂါဖြစ်ပွားကျရောက်ခြင်းမှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ဝက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြု မြှင့်တင်ရန်၊
(၂) ဝက်ခြံများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊
(၃) ဝက်များကို စားသောက်ဆိုင်နှင့် အိမ်များမှ စားကြွင်းစားကျန်များကျွေးမွေးခြင်း မပြုရန်၊
(၄) အခြားခြံမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်း မပြုရန်နှင့် လူအဝင်အထွက် ထိန်းချုပ်ကန့်သတ်ရန်၊
(၅) အသက်အရွယ်တူဝက်များကိုသာ အတူတူမွေးမြူရန်၊
(၆) ဝက်ခြံများ အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက် ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊
(၇) ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှ ဝက်များကို ဝယ်ယူမွေးမြူရန်၊
(၈) ဝယ်ယူသည့် ဝက်များကို မိမိခြံရှိဝက်များနှင့်အတူ ထည့်သွင်းမွေးမြူခြင်းမပြုမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှ မွေးမြူရန်၊
(၉) ပြည်ပမှတရားမဝင် တင်သွင်းလာသော ဝက်အရှင်နှင့် ဝက်ထွက်ပစ္စည်းများဖြစ်သည့် ဝက်သား၊ အေးခဲဝက်သား၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်းနှင့် အခြားဝက်ထွက်ပစ္စည်းများ တင်သွင်းခြင်း၊ ရောင်းချခြင်း၊ စားသုံးခြင်း မပြုရန်၊
(၁၀) တောဝက်နှင့် အိမ်မွေးဝက်များ ရောနှောထိတွေ့ခြင်း မရှိစေရန် အိမ်မွေးဝက်များအား ခြံလှောင်စနစ်ဖြင့် မွေးမြူရန်၊
(၁၁) တောဝက်နှင့် အိမ်မွေးဝက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေး လုပ်ငန်းအဖွဲ့ချုပ်ထံသို့ ချက်ချင်းသတင်းပို့ရန်၊
(၁၂) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်နှင့် ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန



လက်ပံတန်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးရှေ့၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲနှင့် မီးငြိမ်းသတ်ရေး လက်တွေ့သရုပ်ပြခြင်းကို ဖေဖော်ဝါရီ ၃ ရက်က ဆောင်ရွက်ရာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးလင်းကျော်က အသိပညာပေးပြီး မြို့နယ်လဝကဦးစီးမှူးနှင့် ဝန်ထမ်းများက လက်တွေ့မီးငြိမ်းသတ်ရေး သရုပ်ပြစဉ်။ မြို့နယ်(ပြန်/ဆက်)



မကွေးတိုင်းဒေသကြီး သရက်မြို့ စည်ပင်သာယာဈေးကြီး မီးဘေးလုံခြုံစေရေးအတွက် မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်ခြင်းကို ဖေဖော်ဝါရီ ၅ ရက်က ဆောင်ရွက်ရာ ခရိုင်နှင့်မြို့နယ်မီးသတ်ဦးစီးဌာနမှ ဝန်ထမ်းများက ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဈေးသူဈေးသားများအား မီးငြိမ်းသတ်နည်းများ လက်တွေ့သရုပ်ပြစဉ်။ ခရိုင် (ပြန်/ဆက်)

**အိမ်မြင်ပဉ္စထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**



## လယ်ဝေးမြို့နယ်၌ ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရေး ဆွေးနွေး

**လယ်ဝေး ဖေဖော်ဝါရီ ၆**

ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ်အတွင်း ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းများ ပိုမိုအဆင်ပြေချောမွေ့စွာ အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရေး ဆွေးနွေးဟောပြောခြင်းကို ဖေဖော်ဝါရီ ၅ ရက်က လယ်ဝေးမြို့ ခုတင် (၁၀၀) ပြည်သူ့ဆေးရုံ၌ ကျင်းပသည်။

ဦးစွာ လယ်ဝေးမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်သူရက အမှာစကားပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနန္ဒာကျော်က ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်း၏ ခက်ခဲသောဒေသများ၌ ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းများ အားဖြည့်ဆောင်ရွက်နိုင်ရန်အတွက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးပြောကြားသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာသဇင်မြင့်နှင့် တာဝန်ရှိသူများက ကလေးငယ်များအား ကာကွယ်ဆေးထိုးနှံတိုက်ကျွေးနေမှုများကို ကြည့်ရှုအားပေးကာ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## မြင်းခြံတက္ကသိုလ်၌ အသိပညာပေး ဆွေးနွေးဟောပြောပွဲ ပြုလုပ်

**မြင်းခြံ ဖေဖော်ဝါရီ ၆**

မန္တလေးတိုင်းဒေသကြီး မြင်းခြံတက္ကသိုလ်၌ "မြန်မာစာပေထဲက ကိုယ်ကျင့်တရားနှင့် စာနာမှု"၊ "အကြမ်းဖက်မှု တိုက်ဖျက်ရေး ဝိုင်းဝန်းလုပ်ဆောင် ပညာပေး" ခေါင်းစဉ်များဖြင့် အသိပညာပေး ဆွေးနွေးဟောပြောပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီက ဘက်စုံသုံးခန်းမတွင် ပြုလုပ်သည်။



ဦးစွာ မြင်းခြံတက္ကသိုလ် ပါမောက္ခချုပ်ဆရာမကြီးက အမှာစကားနှင့်ဆွေးနွေးပွဲ ပြုလုပ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာစာဌာနမှ ပါမောက္ခဆရာမကြီးက "မြန်မာစာပေထဲက ကိုယ်ကျင့်တရားနှင့် စာနာမှု" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ အရှေ့တိုင်းပညာဌာနမှ ပါမောက္ခ(ဌာနမှူး)ဆရာမကြီးက "အကြမ်းဖက်မှု တိုက်ဖျက်ရေး ဝိုင်းဝန်းလုပ်ဆောင် ပညာပေး" ခေါင်းစဉ်ဖြင့် လည်းကောင်း ဆွေးနွေးဟောပြောခဲ့ကြသည်။

ဆက်လက်၍ တက်ရောက်လာသော ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက မိမိတို့ သိရှိဆွေးနွေးလိုသည်များကို ဆွေးနွေးမေးမြန်းခဲ့ကြကြောင်း သိရသည်။

**ချစ်ဦးနွေ(မြင်းခြံ)**



ကျွန်းလှမြို့နယ်တွင် မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြခြင်းကို ဖေဖော်ဝါရီ ၄ ရက်က သစ်ရာမြိုင်ရပ်ကွက်ဈေးရှေ့၌ ဆောင်ရွက်ရာ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးဇော်လင်းဟန်နှင့် တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ယာဉ် တစ်စီး၊ ရေသယ်ယာဉ်နှစ်စီးဖြင့် လက်တွေ့သရုပ်ပြသစဉ်။ မျိုးဝင်းညို (ကျွန်းလှ)

# သာစည်မြို့နယ် တောင်သူများအား နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ချေးငွေထုတ်ချေး



**သာစည် ဖေဖော်ဝါရီ ၆**

သာစည်မြို့နယ်၌ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရေအရင်းအမြစ်) မိတ္ထီလာခရိုင်မှ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စိုက်ပျိုးရေရရှိရေးဆိုလာစနစ်သုံး စက်ရေတွင်းများ တူးဖော်ဆောင်ရွက်မည့် သာစည်မြို့နယ်တောင်သူများထံ ချေးငွေထုတ်ပေးခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၄ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနညှိခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးသက်ကျော်က အမှာစကားပြောကြားပြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရေအရင်းအမြစ်)ခရိုင်တာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းထွန်းက နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေအစီအစဉ်နှင့် ပတ်သက်၍ တောင်သူများအား ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်) ခရိုင်တာဝန်ခံနှင့် တာဝန်ရှိသူများက တမာကုန်းကျေးရွာ၊ ကျည်းကန်ကျေးရွာ၊ ညောင်အိုင်ကျေးရွာနှင့် ကမ္ဘားမြင့်ကျေးရွာတို့မှ တောင်သူများအား ချေးငွေကျပ် ၂၉၉ ဒသမ ၅ သန်း ပေးအပ်သည်။

**မြို့နယ်(ပြန်/ဆက်)**

# ဒက္ခိဏသီရိမြို့နယ်အတွင်း ကာကွယ်ဆေးထိုးနှံ/တိုက်ကျွေးခြင်းလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရေး ဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၆**

နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်း ကာကွယ်ဆေးထိုးနှံ/တိုက်ကျွေးခြင်းလုပ်ငန်းများ ပိုမိုအဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေး ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၃ ရက်က မြို့နယ်ခုတင်(၅၀)ဆံ့ ပြည်သူ့ဆေးရုံ၌ ကျင်းပသည်။



အခမ်းအနားတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာဝါဝါညွန့်ရွှေက အမှာစကားပြောကြားပြီး တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်း၏ အောင်မြင်မှုမှတ်တိုင်များ၊ အထူးဦးစားပေးလုပ်ငန်းအနေဖြင့် ဆောင်ရွက်ခဲ့မှုများ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများ၊ သေဆုံးမှုအား ကာကွယ်နိုင်သည့်အခြေအနေများကို ရှင်းလင်းပြောကြားကာ သူနာပြုဆရာမကြီး ဒေါ်ပန်းအိဇော်က ကာကွယ်ဆေးထိုးနှံ/တိုက်ကျွေးခြင်းလုပ်ငန်းများနှင့်ပတ်သက်၍ လက်ရှိဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**အောင်မျိုးဝင်း(ဒက္ခိဏ)**

# ဇေယျာသီရိမြို့နယ်အတွင်း ကာကွယ်ဆေးထိုးနှံ/ တိုက်ကျွေးခြင်းလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရေး ဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၆**

နေပြည်တော် ဇေယျာသီရိမြို့နယ်အတွင်း ကာကွယ်ဆေးထိုးနှံ/တိုက်ကျွေးခြင်းလုပ်ငန်းများ ပိုမိုအဆင်ပြေချောမွေ့စွာ အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရေး ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၃ ရက်က ခုတင်(၅၀)ဆံ့ ပြည်သူ့ဆေးရုံ၌ ကျင်းပသည်။



အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇေထက်အောင်က အမှာစကားပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာချစ်ဆုဝေက တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်း၏ အောင်မြင်မှုမှတ်တိုင်များ၊ အထူးဦးစားပေးလုပ်ငန်းအနေဖြင့် ဆောင်ရွက်ခဲ့မှုများ၊ ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းဖြင့် ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသော ရောဂါများဖြစ်ပွား၊ သေဆုံးမှုအား ကာကွယ်နိုင်သည့်အခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် ကျန်းမာရေးမှူး အဆင့်-၁ ဦးကျော်မင်း ကာကွယ်ဆေးထိုးနှံ/ တိုက်ကျွေးခြင်းလုပ်ငန်းများနှင့်ပတ်သက်၍ လက်ရှိဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြခဲ့သည်။

**ထွန်းလင်း(ဇေယျာမြေ)**

# ဖြူးမြို့နယ်၌ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပုံပြင်ပြောပြိုင်ပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲနှင့် ဟောပြောပွဲပြုလုပ်

**ဖြူး ဖေဖော်ဝါရီ ၆**

ဖြူးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပုံပြင်ပြောပြိုင်ပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲနှင့် ဟောပြောပွဲကို ဖေဖော်ဝါရီ ၃ ရက်က လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။



ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အိမာဟိန်းက မြို့မ(၁)အလက(ခွဲ)ကျောင်းရှိ ကျောင်းသား ကျောင်းသူများအား ပြည်ထောင်စုနေ့ဖြစ်ပေါ်လာပုံသမိုင်းကြောင်းကို အသိပညာပေးဟောပြောသည်။

ဆက်လက်၍ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၂၀ က ပုံပြင်ပြောပြိုင်ပွဲနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ကြရာ ဆုရရှိသူများအား တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာ၊ ဆုလက်ဆောင်များ ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

# ညောင်ဦးမြို့၌ ကာကွယ်ဆေးထိုးနှံတိုက်ကျွေးသည့် လုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရေးအတွက် အသိပညာပေးဆွေးနွေးပွဲ အခမ်းအနားကျင်းပ

**ညောင်ဦး ဖေဖော်ဝါရီ ၆**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့၌ ကာကွယ်ဆေးလွှမ်းခြုံမှု ပိုမိုမြင့်မားစေရေးနှင့် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးသည့် လုပ်ငန်းများ ပိုမို ဆောင်ရွက်နိုင်ရေးအတွက် အသိပညာပေးဆွေးနွေးပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အနော်ရထာခန်းမ၌ ကျင်းပသည်။

ဦးစွာ အခမ်းအနားတွင် ညောင်ဦးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးကျော်မင်းညိုက အမှာစကားပြောကြားသည်။ ထို့နောက် Advoc-cacy Video Clip ပြသသည်။ ဆက်လက်၍ ညောင်ဦးခရိုင် ပြည်သူ့ကျန်းမာ ရေးဦးစီးဌာနမှူး ဒေါက်တာ ရွှေစင်ထိုက်က တိုးချဲ့ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးခြင်း လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးတင်ပြသည်။ ထို့နောက် တက်ရောက်လာသည့် ခရိုင်အဆင့်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာဖွဲ့၊ အဖွဲ့ဝင်များနှင့် စုပေါင်းအမှတ်တရဓာတ်ပုံရိုက်ခဲ့ကြောင်းသိရသည်။

**ဒီပါလင်း**



# ပုသိမ်မြို့နယ် အစားဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီဝင်အဖွဲ့ ပုသိမ်မြို့ မြို့မဈေးရှိ ဈေးဆိုင်များအား စစ်ဆေး

**ပုသိမ် ဖေဖော်ဝါရီ ၆**

ဧရာဝတီတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(FDA)မှ ဦးဆောင်၍ ပုသိမ်မြို့နယ် အစားဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ပုသိမ်မြို့ မြို့မဈေးရှိ ဈေးဆိုင်များအား ဝင်ရောက်စစ်ဆေးခြင်းကို ဖေဖော်ဝါရီ ၄ ရက်က ပြုလုပ်ရာ မြို့မဈေးအတွင်းရှိ ဈေးဆိုင်များအားစစ်ဆေးပြီး သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့်အညီ ရောင်းချခြင်း ရှိ/မရှိ၊ သက်တမ်းလွန်သော အစားအသောက်များနှင့် စားသုံးရန်မသင့်သော အစားအသောက်များ ရောင်းချနေမှု ရှိ/မရှိတို့ကို လိုက်လံကြည့်ရှုစစ်ဆေး၍ ငါးကလေးချဉ်၊ ပုစွန်ချဉ်၊ မျှင်ငါးပိ၊ မုန့်ဖတ်၊ ခေါက်ဆွဲဖတ်၊ ပဲပြားအပါအဝင် ဈေးကွက်နမူနာ ၃၉ မျိုး ကောက်ယူခဲ့ကြပြီး စစ်ဆေးခြင်း ဆောင်ရွက်ခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**



ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း အသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၂ ရက်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနခန်းမ၌ပြုလုပ်ရာ အလုံမြို့မရဲစခန်းမှ ဒုရဲအုပ်မျိုးဇော်နှင့် တာဝန်ရှိသူများ မူးယစ်ဆေးဝါးသုံးစွဲခြင်း၏ ဆိုးကျိုးများ၊ စာပေဗဟုသုတရဖွယ် အကြောင်းအရာများကို ဟောပြောစဉ်။ ရွှေလုံသား(ပြန်/ဆက်)



နေပြည်တော် တပ်ကုန်းမြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဟိန်းအောင်ကျော်နှင့်တပ်ဖွဲ့ဝင်များ မြို့မဈေးမီးဘေးလုံခြုံရေး အတွက် အသိပညာပေးဟောပြောခြင်းနှင့် မီးငြိမ်းသတ်ရေး သရုပ်ပြလေ့ကျင့်ခြင်းကို ဖေဖော်ဝါရီ ၄ ရက်က မြို့မဈေးပေါက်ရှေ့ ဗိုလ်ချုပ်လမ်း၌ ပြုလုပ်စဉ်။ တင်စိုးလွင်(ပြန်/ဆက်)



ဇဟာန်းမြို့နယ် မီးသတ်ဦးစီးမှူး ဦးသူရဆွေနှင့် မီးသတ်တပ်ဖွဲ့ဝင်များ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြောပွဲနှင့် လက်တွေ့မီးငြိမ်းသတ်ရေးသရုပ်ပြလေ့ကျင့်ခြင်းကို ဖေဖော်ဝါရီ ၄ ရက်က ဗိုလ်ချုပ်(၂)ရပ်ကွက် အမှတ်(၅၃)နတ်မောက်လမ်းသွယ်(၁) မြန်မာ့အလင်းသတင်းစာတိုက်(ရန်ကုန်)၌ ပြုလုပ်စဉ်။ တင်စိုး(မြန်မာ့အလင်း)

# အထူးဝမ်းမြောက်ဂုဏ်ယူခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး **မင်းအောင်လှိုင်** အား ရန်ကုန်တက္ကသိုလ်မှ ဂုဏ်ထူးဆောင်ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပါရဂူဘွဲ့ **Honorary Doctor of Public Administration (D.P.A. honoris causa)** ဘွဲ့ အပ်နှင်းခံရခြင်းအတွက် များစွာ အထူးဝမ်းမြောက်ဂုဏ်ယူရပါသည်။

ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် နှင့်
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ထမ်းများ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၄၇)၊ မြေကွက်အမှတ် (၈၃၈)ဟုခေါ်တွင်သော မြေအလျားxအနံ ပေ(၄၀x၆၀) အကျယ်အဝန်းရှိ မြေချပါမစ်မူရင်း မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မူလအမည်ပေါက် ပိုင်ဆိုင်သူ ဒေါ်ရင်ညွန့် (R/RGN-၀၀၀၈၅၄) ထံမှ အရောင်းအဝယ်စာချုပ်စာတမ်းအဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးခင်စော (၅/ငဇန(နိုင်)၀၂၀၀၉၈) နှင့် ဒေါ်မေကြူစော(၁၂/ဒဂတ(နိုင်)၀၄၃၁၄၅)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင် စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | | |
|---|---|---|
| **ဦးဝင်းသူရဇော် (LL.B)** | **ဒေါ်ယမင်းထွေး(LL.B)** | **ဦးရဲသီဟ (LL.B)** |
| **အထက်တန်းရှေ့နေ (စဉ်-၄၂၀၆၆)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၃၆၅)** | **အထက်တန်းရှေ့နေ(စဉ်-၅၆၃၆၆)** |

**အမှတ် (၁၀၁)၊ ကံကော်မြိုင် (၂) လမ်း၊ (၃၃) ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊**
**ဖုန်း-၀၉ - ၇၇၂၇၇၇၇၁၂၊ ၀၉ - ၄၅၆၉၉၆၇၇၆၊ ၀၉ - ၉၇၃၀၀၂၁၁၇**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (င) ရပ်ကွက်၊ အကွက်အမှတ် ညည-၁၀၊ ဦးပိုင်အမှတ် ၇၂ ခဲစင်းအနောက်ခြမ်း / ၆၀ E လမ်း၊ ၁၂၂ x ၁၂၃ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးဗိုလ်မောင် ၉/မရတ(နိုင်) ၀၉၀၉၄၅ထံမှ အရောင်းအဝယ်စာချုပ်အမှတ် (၂၈၃၆/၂၀၁၂)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်တင်တင်အေး ၉/မနမ(နိုင်)၀၉၃၀၂၈ က ဂရန်စာချုပ် တင်ပြ၍ ခဲစင်းပြမှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပတ်စ်ပို့ပျောက်

ကျွန်မ မနန်းနောင့်နောင့် ၁/ဗမန(နိုင်)၀၈၂၅၆၆ ၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၆၀၁၅၅၂၀၈**

## အမည်မှန်

ဦး လီ ဟွား ဆီး ၏ သား၊ မြစ်ကြီးနားမြို့၊ အထက(ခွဲ) အာလမ်-၁၊ Grade-11 (Eco) မှ မောင်ယောရှု၏ အမည်မှန်မှာ မောင်လီယောရှု ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

လားရှိုးမြို့၊ အမှတ်(၁)ရပ်ကွက်၊ နယ်မြေ(၁)၊ အကွက်အမှတ် (၁၄/ပြည်တော်သာရပ်)၊ ဦးပိုင်အမှတ်(၁-က^၁)၊ မြေဧရိယာ(၀.၁၀၃)ဧက၊ စက်မှု/စီးပွားမြေငှားဂရန်အမှုတွဲအမှတ် ၀၀၂-၅/၂၀၂၂-၂၀၂၃၊ ဦးဇော်ဇော် ၁၃/လရန(နိုင်)၀၁၄၁၁၅ အမည်ပေါက်မြေကွက်အား ဦးကျော်မင်းထွန်း(ခ)ဆန်နီ ၁၃/လရန(ဧည့်)၀၀၀၄၈၂ မှ စာချုပ်အမှတ်(၂၄I/၂၀၂၅)ဖြင့် ဦးဇော်ဇော် ထံမှ ဝယ်ယူပြီး ဟိုတယ်လုပ်ငန်းဆောင်ရွက်ရန်အတွက် စက်မှု/စီးပွား အမည်ပြောင်းမြေငှားဂရန် လျှောက်ထားလာရာ ကန့်ကွက်လိုသူများရှိပါက အထောက်အထား စာရွက်စာတမ်းခိုင်လုံစွာဖြင့် သတင်းစာပါသည့်ရက်မှ (၃၀) ရက်အတွင်း ဤရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်အတွင်း ကန့်ကွက်တင်ပြသူမရှိပါက ဦးကျော်မင်းထွန်း(ခ)ဆန်နီ အမည်ဖြင့် စက်မှု/စီးပွား အမည်ပြောင်းမြေငှားဂရန်ထုတ်ပေးနိုင်ရေး ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 17W/90365 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(တောင်ငူ)**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

### (တရားမကျင့်ထုံးဥပဒေအမိန့် - ၅၊ နည်းဥပဒေ - ၁ နှင့် ၅)
### မဟာအောင်မြေခရိုင်တရားရုံးတော်
### ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၂၈၉

မန်းမေတ္တာရောင်းဝယ်ရေးကုမ္ပဏီလီမိတက်(၎င်း၏ကိုယ်စားကုမ္ပဏီ၏ မန်နေဂျင်းဒါရိုက်တာ ဒေါ်အေးကြည်စမ်း) **နှင့်** ၁။ ဦးကာဗင်(ခ) ဦးသန့်ဇင် ၂။ ဒေါ်စန်းစန်းထွေး(ခ) ဒေါ်စုစုခိုင်

**(တရားလို)** **(တရားပြိုင်များ)**

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁) ရပ်ကွက်၊ မဒိတာအိမ်ရာ(၁)၊ တိုက် အမှတ်(ဘီ)၊ မြေညီထပ်နေ (၁) တရားပြိုင်ဦးကာဗင်(ခ) ဦးသန့်ဇင် (ယခုနေရပ်လိပ်စာမသိသူ) နှင့် တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့နယ်၊ ကျောက်ရပ်ကျေးရွာအုပ်စု၊ စပါးတောင်ပတ်လမ်း၊ ဝမော်ကျေးရွာနေ အမှတ်(၂) တရားပြိုင် ဒေါ်စန်းစန်းထွေး(ခ) ဒေါ်စုစုခိုင် (ယခုနေရပ်လိပ်စာမသိသူ) တို့အား သိစေရမည်။

သင့်အပေါ်၌ တရားလိုက "ကတိပဋိညာဉ်နှင့်အညီမဟုတ်ဘဲ တရားလိုကုမ္ပဏီပိုင် မော်တော်ကား(၂)စီးဖြစ်သော 3Q-1966 နှင့် 4Q-7004တို့အား အမှတ်(၁) တရားပြိုင်မှလက်ရောက် ရယူသွားခဲ့သည့်အတွက်အဆိုပါကုမ္ပဏီပိုင်မော်တော်ကားများနှင့်တကွ Owner Book စာအုပ်များကို တရားလိုကုမ္ပဏီသို့ ပြန်လည်ပေးအပ်စေလိုမှု(သို့မဟုတ်) 3Q-1966 မော်တော်ကား၏ ကာလတန်ဖိုး ငွေကျပ်၅၈၀၀၀၀၀၀(ကျပ်သိန်းငါးရာ့ရှစ်ဆယ်တိတိ) 4Q-7004 မော်တော်ကား၏ ကာလတန်ဖိုးငွေကျပ် ၁၁၆၀၀၀၀၀၀ (ငွေကျပ်သိန်းတစ်ထောင့်တစ်ရာ့ခြောက်ဆယ်တိတိ)အား အမှတ်(၁) တရားပြိုင်မှ တရားလိုကုမ္ပဏီသို့ ပြန်လည်ပေးအပ်စေလိုမှု"ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှု နှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့် ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက် (၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၅ ရက်) မွန်းမတည့်မီ ၉:၃၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင်ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နီနီမြင့်)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**မဟာအောင်မြေခရိုင်တရားရုံး**

## အမည်မှန်နှင့် ဖခင်တစ်ဦးတည်း ဖြစ်ပါကြောင်း

မြစ်ကြီးနားမြို့၊ အထက(ခွဲ) အာလမ်-၁၊ Grade-11(Bio) မှ မထိန်ရန်ဂျာဘရင်၏ အမည်မှန်မှာ မဂျာဘရိမ်ဖြစ်၍ ၎င်း၏ဖခင် ဦးဇော်လောဒ် (ခ) ဦးထင်ရန်ဇော်လောဒ် (ခ) ဦးထင်ရန်ဇောက်လွတ် ၁/မကန(နိုင်)၀၆၉၄၀၉ သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် BGO/7633, Suzuki Revo 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးစိုးဦး ၇/ပမန(နိုင်)၀၄၃၁၅၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်)**
**ပြည်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/၈၉၁၉၂ ယာဉ်လက်ဝယ်ရှိသူ ဦးခိုင်ထွန်း ၁၀/သဖရ(နိုင်)၁၆၇၆၇၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၇ယ/၈၁၂၆ ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကိုလတ် ၁၀/ကမရ(နိုင်)၀၉၈၆၀၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၅ယ/ ၇၀၁၃၃ ယာဉ်လက်ဝယ်ရှိသူ ဦးခိုင်ထွန်း ၁၀/သဖရ(နိုင်)၁၆၇၆၇၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## သက်ဆိုင်သူများနှင့် အများပြည်သူသိစေရန် ကြော်ငြာခြင်း

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်နော်စေးစေးဖော်(၁၂/တမန(နိုင်)၁၁၈၀၆၆) (ခေတ္တ-USA)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သက်ဆိုင်သူနှင့် အများသိစေရန် ကြေညာအပ်သည်မှာ-

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉၀)၊ မြေကွက်အမှတ် (၄၅၂)၊ အကျယ်အဝန်း ပေ (၄၀x၆၀) ရှိသော မြေနှင့်နေအိမ်အဆောက်အအုံသည် ဒေါ်နော်စေးစေးဖော် မှ တရားဝင် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ယခုအခါတွင် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နော်စေးစေးဖော်(၁၂/တမန(နိုင်)၁၁၈၀၆၆)သည် အဆိုပါမြေနှင့် အဆောက်အအုံတို့တွင် ၎င်း၏မိသားစုဝင်ဖြစ်သော မိခင်ဖြစ်သူနှင့် အစ်မကြီး၊ အစ်ကိုကြီးမိသားစုတို့အား အခမဲ့ဖြင့် နေထိုင်ခွင့်ပြုထားလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ မြေကွက်နှင့် နေအိမ်အဆောက်အအုံနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နော်စေးစေးဖော်(၁၂/တမန(နိုင်)၁၁၈၀၆၆) ထံမှ တရားဝင်ခွင့်ပြုချက်မရရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ အာမခံတင်သွင်းခြင်း၊ အဆောက်အအုံကို ပြုပြင်မွမ်းမံခြင်း၊ ပြန်လည်ပြုပြင်ဆောက်လုပ်ခြင်း၊ မြေတိုင်းတာခြင်း၊ မြေဂရန်အမည်ပြောင်းခြင်း၊ အခြားသောကိစ္စအရပ်ရပ်အားလုံးတို့အား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နော်စေးစေးဖော် ခွင့်ပြုခြင်း၊ သိရှိခြင်းမရှိဘဲပြုလုပ်ခဲ့ပါက တည်ဆဲတရားဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သက်ဆိုင်သူနှင့် အများသိရှိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| **ဦးခိုင်ဇင်ထူး (LL.B)** | **ဒေါ်ဗန်လားငှကီး (LL.B)** |
| **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ (စဉ်-၃၈၀၅၆)** |
| **(စဉ်- ၅၃၂၆၉/၂၇-၇-၂၀၂၀)** | **အမှတ်(၁၁)၊ (၃၄)လမ်း၊ အောက်ဘလောက်၊** |
| **အမှတ်-၁၇၊ ပုညဝဖနလမ်း၊** | **ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။** |
| **တာမွေ။** | **ဖုန်း-09- 795898083** |
| **ဖုန်း-09 420567493, 09 972974234** | |

## နိုင်ငံသာယာဝပြောဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

# အထူးဝမ်းမြောက်ဂုဏ်ယူခြင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်** အား ရန်ကုန်တက္ကသိုလ်မှ **ဂုဏ်ထူးဆောင်ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပါရဂူဘွဲ့ Honorary Doctor of Public Administration (D.P.A. honoris causa) ဘွဲ့** အပ်နှင်းခံရခြင်းအတွက် များစွာ အထူးဝမ်းမြောက်ဂုဏ်ယူရပါသည်။

**စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၉) မှ**

**သူငယ်ချင်းများနှင့် မိသားစုများ**

# အထူးဝမ်းမြောက်ဂုဏ်ယူခြင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်** အား ရန်ကုန်တက္ကသိုလ်မှ **ဂုဏ်ထူးဆောင်ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပါရဂူဘွဲ့ Honorary Doctor of Public Administration (D.P.A. honoris causa) ဘွဲ့** အပ်နှင်းခံရခြင်းအတွက် များစွာ အထူးဝမ်းမြောက်ဂုဏ်ယူရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဦးလှမိုး နှင့်**

**သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဝန်ထမ်းများ**

## ကန့်ကွက်နိုင်ပါသည်။

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၅/ရွှေကြာပင်၊ မြေကွက်အမှတ်-SK 124၊ ဧရိယာ–၀.၅၁၅ ဧကအကျယ်အဝန်းရှိ နှစ်(၃၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက်သူ ဦးဇော်ဖြိုး (၈/နမန(နိုင်)၀၉၇၅၉၇)ထံမှ အရောင်းအဝယ်ကတိစာချုပ်ဖြင့် အပြီးအပိုင်ဝယ်ယူ၍ တရားဝင်လက်ရှိပိုင်ဆိုင်သူ ဒေါ်သင်းရတီဆု (၁၂/လမတ(နိုင်)၀၃၃၄၂၆)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဘိုးငွေများအနက်မှ တစိတ်တဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် အဆိုပါမြေကွက်အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား မူရင်းစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံလူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ
**သင်းကြူစိုး LL.B., LL.M.**
တရားလွှတ်တော်ရှေ့နေ (စဉ်-၆၅၅၆)
ရုံး-အမှတ်-၅၅၊ အခန်း-၅၊ ဒုတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၁-၈၃၇၈၇၉၉၊ ၀၉-၅၀၁-၆၃၅၂၊ ၀၉-၅၅၀-၆၅၅၆၊

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၇)၊မြေကွက်အမှတ် (၁၀၁၀) ဟုခေါ်တွင်သော မြေအလျားxအနံ ပေ(၄၀x၆၀) အကျယ်အဝန်းရှိ မြေချပါမစ်မူရင်း မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မူလအမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ခင်ထားကြည် (KMW–၀၉၈၅၀၆) ထံမှ အရောင်းအဝယ် စာချုပ်စာတမ်းအဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်မာမာဝင်း (၁၂/ဒဂတ(နိုင်)၀၉၈၂၃၈) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည် ဖြစ်ကြောင်းကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| **ဦးဝင်းသူရဇော်(LL.B)** | **ဒေါ်ယမင်းထွေး(LL.B)** | **ဦးရဲသီဟ(LL.B)** |
| **အထက်တန်းရှေ့နေ(စဉ်–၄၂၀၆၆)** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၃၆၅)** | **အထက်တန်းရှေ့နေ(စဉ်–၅၆၃၆၆)** |

**အမှတ် (၁၀၁)၊ ကံကော်မြိုင် (၂) လမ်း၊ (၃၃) ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်။**
ဖုန်း–၀၉ – ၇၇၂၇၇၇၇၁၂ ၊ ၀၉ – ၄၅၆၉၉၆၇၇၆ ၊ ၀၉ – ၉၇၃၀၀၂၁၁၇

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆၊ အောင်ရတနာ (၁၂) လမ်း၊ မြေကွက်အမှတ် ၁၄၁ ဟုခေါ်တွင်သော(၁၇.၅x၅၀)ပေအကျယ်ရှိမြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်စန္ဒာအေးနှင့် ဒေါ်နွယ်နီအောင်တို့ပူးတွဲအမည်ပေါက် နှစ် (၆၀) ဂရန်မြေအမျိုးအစား မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၁) ထပ် နေအိမ်ပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဆက်စပ်စာချုပ်များဖြင့် တရားဝင်လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဒေါ်နီလာ(၁၂/လမန(နိုင်)၁၃၂၆၁၇)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်ပြုလုပ်သည့် မြေကွက်၊ နေအိမ်ပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးစိုးကျော်သူ (၅/ကလတ(နိုင်)၀၇၆၆၅၆)၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်အေးမြင့်မောင် (LL.B. ,D.B.L) တရားလွှတ်တော်ရှေ့နေ(စဉ်–၁၃၈၅၈)**
**တိုက် (၄)၊ အခန်း (၃၁)၊ ပထမထပ်၊ မြို့ပြအိမ်ရာ (တောင်)ဘက်ခြမ်း၊ (၈) မိုင်မီးပွိုင့်အနီး၊ (၆) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း–၀၉–၇၅၀ ၃၉၈ ၄၁၁၊ ၀၉– ၇၉၅ ၅၈၅၈၅၉**

## မွေးသက္ကရာဇ်အမှန်

